# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 19 May 2022 ၁၀၇၃၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ဆေးအလုံး ငါးသန်း doses နှင့် ဆေးထိုးအပ်နှစ်သန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ဆေးအလုံး ငါးသန်း doses နှင့် ဆေးထိုးအပ် နှစ်သန်း ရောက်ရှိ

ရန်ကုန် မေ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ဆေးအလုံး ၁၀ သန်း doses နှင့် ဆေးထိုးအပ် ၁၃ ဒသမ ၀၅၆ သန်းကို လှူဒါန်းမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ပထမအသုတ်အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ Sichun Airline ဖြင့် Sinopharm ဆေးအလုံးငါးသန်း doses နှင့် ဆေးထိုးအပ် နှစ်သန်း ရောက်ရှိသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



**ယနေ့ ဖတ်စရာ**



**ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသည့် ပညာဥယျာဉ်များ ဝေဆာလာတော့မည်**

ဆောင်းပါး စာမျက်နှာ » ၆

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ၊ ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၁၂

**တရုတ်နိုင်ငံ၏ ဂြိုဟ်တုဆက်သွယ်ရေး လုပ်ငန်းမှ အမြတ်ငွေတရုတ်ယွမ် ၄၆၉ ဘီလီယံရရှိခဲ့**

စာမျက်နှာ » ၁၃





ကြေးမုံ

# အမွန်မြတ်ဆုံးအလုပ်ကို ဂုဏ်ယူတန်ဖိုးထားလေးစား

မကြာမီကာလတွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်တော့မည်ဖြစ်သည်။ ယခုစာသင်နှစ်တွင် ကျောင်းသား ကျောင်းသူလေးများ စုံစုံညီညီဖြင့် ပညာနို့ချိုသောက်သုံးကြတော့မည်ဖြစ်သည်။ ပျော်ရွှင်စွာတက်ရောက်ခဲ့ကြသည့် ကျောင်းတော်ကြီးတွင် မိမိတို့၏ ဆရာ ဆရာမများနှင့် ပြန်လည်ဆုံစည်းပြီး ပညာသင်ကြားကြရတော့မည်ဟု မျှော်မှန်းထားသည်။

သို့သော် မိမိတို့၏ ဆရာ ဆရာမများကို မမြင်မတွေ့ရသောအခါ စိတ်မကောင်းဝမ်းနည်းညှိုးငယ်အားလျော့ဖြစ်ကြပေလိမ့်မည်။ မိမိတို့၏ဆရာ ဆရာမအချို့ မတွေ့ကြရသည့် အကြောင်းရင်းမှာ နိုင်ငံရေးအပြောင်းအလဲတွင် မွန်မြတ်သော ဆရာအလုပ်ကိုပစ်ပယ်၍ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သောကြောင့်လည်းကောင်း၊ ဆရာကျင့်ဝတ်ကို ဖောက်ဖျက်မိသောကြောင့်လည်းကောင်း ကျောင်းပရိဝုဏ်နှင့် ကင်းကွာနေခြင်းဖြစ်နိုင်သည်။

ထို့ကြောင့် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသော ဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က မေလ ၁၆ ရက်နေ့တွင် အသိပေးကြေညာချက်ထုတ်ပြန်၍ အကြောင်းကြားထားသည်။

တာဝန်မှကင်းကွာနေသော ဆရာ ဆရာမများအနေဖြင့် အကြမ်းဖက်အဖွဲ့တစ်ခုခုက ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စသည့်စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကိုရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်သင့်ကြပေသည်။ မိမိတို့၏ သဘောဆန္ဒအလျောက် နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာ ဒေသရှိ နီးစပ်ရာမြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ ကိုယ်တိုင်လာရောက်၍ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် မေလ ၃၁ ရက်နေ့မတိုင်မီ သတင်းပေးပို့ရန် အသိပေးထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်မှကင်းကွာနေသော ဆရာ ဆရာမများအား သဘောထားကြီးစွာဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် အသိပေးနှိုးဆော်ခဲ့သည်။ တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းများတွင် ဆရာ ဆရာမများ ထောင်သောင်းချီရှိရာ အချို့ဆရာ ဆရာမများမှာ အကြောင်းအမျိုးမျိုးဖြင့် တာဝန်မှပျက်ကွက်နေသဖြင့် ပညာအမွေရယူလိုသည့် ကျောင်းသားကျောင်းသူများအတွက် သင်ကြားရေးအပိုင်းတွင် အခက်အခဲရှိနေမည်ဖြစ်သည်။ နိုင်ငံ့တာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်နေကြသည့် ဆရာ ဆရာမများသည် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို အဓိကကျသည့် အခြေခံပညာကဏ္ဍတွင် စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် တစိုက်မတ်မတ် တာဝန်ထမ်းဆောင်ခဲ့ကြသည်။

ကျောင်းသား ကျောင်းသူများသည် ဘာသာရပ်ဆိုင်ရာများအား စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် သင်ကြားရေးအတွေ့အကြုံရှိသော ဆရာ ဆရာမများ လိုအပ်နေသဖြင့် ယခုကဲ့သို့ အသိပေးဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကို ထည့်သွင်းချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားရေးအတွက် ပညာသင် အခွင့်အလမ်းများ ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ စေတနာ၊ ဝါသနာ၊ အနစ်နာဟူသည့် နာသုံးနာဖြင့် တပည့်ကျောင်းသားလူငယ်လေးများအား အစဉ်အဆက် ပညာအမွေပေးဝေလျက်ရှိသော ဆရာ ဆရာမများအနေဖြင့် မိမိတို့၏တပည့်များအား ပစ်ပယ်မသွားဘဲ အလွန်မွန်မြတ်သည့် ဆရာ့ဂုဏ်ရည်ကို တန်ဖိုးထားထိန်းသိမ်း၍ နိုင်ငံတော်အစိုးရ၏ ဖိတ်ခေါ်မှုကို အလေးထားကာ ကျောင်းပရိဝုဏ်အတွင်းသို့ ပြန်လည်ဝင်ရောက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မအူပင်မြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



မအူပင် မေ ၁၈

သစ်ပင်သစ်တော၏ တန်ဖိုးကို နားလည်မြတ်နိုးသည့် စိတ်ဓာတ်ကို ဖော်ဆောင်ပေးရန်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရန်ရည်ရွယ်၍ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက မအူပင်မြို့နယ် အလန်းကြီးကျေးရွာအပိုင် မအူပင်- ကျိုက်လတ်ကားလမ်းဘေး၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တောဦးစီးဌာန မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးရန်စိုးအောင်နှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာနေပြည်သူများ တက်ရောက်စိုက်ပျိုးခဲ့သည်။

အခမ်းအနားတွင် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးရန်စိုးအောင်နှင့်ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ကျေးရွာနေပြည်သူများက သတ်မှတ်ထားသည့်နေရာများတွင် တစ်ပြိုင်နက်စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မအူပင်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး အမြင့်နှစ်ပေနှင့်အထက် ပျိုးပင်ကြီးများဖြစ်သော မန်ဂျန်ရှား အပင်၂၀၀၊ ပင်လယ်ကဗီး ၅၀၊ မဟော်ဂနီ ၅၀ စုစုပေါင်း အပင် ၃၀၀ အားအလန်းကြီးကျေးရွာအပိုင် မအူပင် - ကျိုက်လတ်ကားလမ်းဘေးတွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စုပေါင်း စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ ဆက်)

# ထားဝယ်မြို့နယ် ဌာနပေါင်းစုံငွေစုငွေချေးသမဝါယမ အသင်းလီမိတက်က အသင်းသားပြည်သူများအား စုဆောင်းငွေပေါ်အတိုးများ ပေးအပ်



ထားဝယ် မေ ၁၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဌာနပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများသို့ အစုပေါ်အမြတ်ငွေများ ထုတ်ပေးသည့် အခမ်းအနားကို တိုင်းဒေသကြီးသမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၇ ရက်က ကျင်းပခဲ့သည်။

ထို့နောက် အသင်းမှ အသင်းသားပြည်သူများ၏ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှအထောက်အကူပြုနိုင်စေရန် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၅၄၄၅၁၉၉ ၊ အစုပေါ်အမြတ်ငွေကျပ် ၇၇၆၃၃၉ နှင့် ထောက်ပံ့ငွေကျပ် ၁၂၇၇၅၀၀ တို့ကို အသင်းသားပြည်သူများအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၃၈ | ၂၈၈,၈၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၀၀ | ၁၃၃ | ၃၄၇,၄၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၈,၀၀၀ | ၂၆ | ၄၅၅,၅၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၄၇ | ၁၂၂,၂၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၄၅.၁ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၄.၃၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၄၅၃ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၈၈ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၄၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၇.၀ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၃.၇ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၃၂.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ၂၀၂၅ နှစ်ကုန်တွင် အာဆီယံအသိုက်အဝန်းအနေဖြင့် ပြီးမြောက်အောင်မြင်မှုတို့ကို တိုင်းတာဖော်ပြရမည်ဖြစ်၍ အချက်အလက်များပြည့်စုံစွာရှိစေရေး ပုံမှန်စုစည်းမှတ်တမ်းတင်သွားရန် လိုအပ်

နေပြည်တော် မေ ၁၈

အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရုံးအမှတ် (၃၅) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီး၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်၊ မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဆိုင်ရာ လုပ်ငန်းအစုအဖွဲ့များမှ အရာရှိကြီးများနှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများ ပါဝင်တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ၂၀၂၅ အာဆီယံအခြေပြမြေပုံပါ လုပ်ငန်းဆောင်ရွက်မှုများသည် ၂၀၂၅ ခုနှစ်တွင် ပြီးမြောက်မည်ဖြစ်၍ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (High Level Task Force) ဖွဲ့စည်းပြီး ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်တို့ကို ရေးဆွဲမည်ဖြစ်သောကြောင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်အနေဖြင့် ထည့်သွင်းဆောင်ရွက်ရန် လိုအပ်သည့်အချက် (Core Elements)များကို စဉ်းစားရာ၌ အာဆီယံအသိုက်အဝန်းမဏ္ဍိုင်အချင်းချင်းသော် လည်းကောင်း၊ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်ရှိလုပ်ငန်းအစုအဖွဲ့များအကြားသော် လည်းကောင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သောကိစ္စရပ်များ ပြည့်စုံမှု ရှိ/မရှိ ဆိုသည်ကို ပြန်လည်သုံးသပ်၍ ဆွေးနွေးပေးစေလိုကြောင်း။

အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြမြေပုံ ၂၀၂၅ အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စများနှင့်စပ်လျဉ်းပြီး ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းအခြေပြမြေပုံ ၂၀၂၅ ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ နှစ်လယ်အစီရင်ခံစာ-၂၀၂၀ (Mid Term Review-MTR)ကို ယနေ့ တက်ရောက်လာကြသည့် လုပ်ငန်းအစုအဖွဲ့အသီးသီး၏ ပံ့ပိုးကူညီမှုများဖြင့် ရေးသားတင်သွင်းနိုင်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်သို့ မျှော်မှန်းထားသည့် ရည်မှန်းချက်များအတိုင်း ဆောင်ရွက်ခဲ့ရာ လမ်းတစ်ဝက်သို့ ကျော်လွန်ရောက်ရှိနေပြီး ၂၀၂၅ နှစ်ကုန်တွင် အာဆီယံအသိုက်အဝန်းအနေဖြင့် ပြီးမြောက်အောင်မြင်မှုတို့ကို တိုင်းတာဖော်ပြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ယခုအချိန်ကတည်းက အချက်အလက်များပြည့်စုံစွာရှိစေရေး ပုံမှန်စုစည်းမှတ်တမ်းတင်သွားရန် လိုအပ်ကြောင်း၊ ယခင် MTR ရေးသားစဉ်က ရရှိခဲ့သည့် အတွေ့အကြုံများနှင့် စိန်ခေါ်မှုများကို ကောင်းစွာအသုံးချပြီး ၂၀၂၅ အကုန်တွင် Data အချက်အလက်ပြည့်စုံစွာဖြင့် ရေးသားပြုစုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်၊ မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ASCC ရုံးအဖွဲ့နှင့် မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဆိုင်ရာ လုပ်ငန်းအစုအဖွဲ့မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်ကို နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပြီး တိကျမှန်ကန်သော အချက်အလက်များဖြစ်စေရေး သုံးသပ်ဆောင်ရွက်

နေပြည်တော် မေ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသည့်အချက်အလက်များကို နှိုင်းယှဉ်လေ့လာဆွေးနွေးခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။






အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိမိတို့နိုင်ငံ၏ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် မူဝါဒများ ရေးဆွဲချမှတ်ဆောင်ရွက်ရာတွင် အခြေခံအသုံးပြုရသည့် လူဦးရေဆိုင်ရာ အချက်အလက်များ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းကို လုပ်ငန်းအဆင့် ရှစ်ဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ပထမအဆင့်အနေဖြင့် လုပ်ငန်းစဉ်ငါးဆင့် ပြီးမြောက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်သည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ယခုအထိ လျာထားချက်အတိုင်း ဆောင်ရွက်ပြီးစီးမှုနှင့် စီမံချက်ပါအတိုင်း ဆောင်ရွက်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ယခင်ဆောင်ရွက်ခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူခြင်းမှရရှိသော အချက်အလက်များဖြစ်သည့် အသက်အပိုင်းအခြားအလိုက် လူဦးရေအရွယ်အစား၊ နေထိုင်မှုပုံစံ၊ အိမ်ရာအသုံးပြုမှု အခြေအနေ၊ ရေကောင်းရေသန့်ရရှိမှုနှင့် လျှပ်စစ်မီးရရှိမှု၊ အိမ်သာအသုံးပြုမှု၊ ကျောင်းပညာသင်ကြားမှုစသည်တို့အား လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်သုံးသပ်ကာ နိုင်ငံတော်အတွက် လိုအပ်သည့်အချက်အလက်များ ပံ့ပိုးတင်ပြကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေကို လူဦးရေနှင့်အိမ်အကြောင်းအရာနှင့် ပတ်သက်သည့် ကိန်းဂဏန်းအချက်အလက်များက ဖော်ပြနေခြင်းဖြစ်ပါကြောင်း၊၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းအချက်အလက်များ၏ သုံးသပ်ချက်အရ မိမိတို့နိုင်ငံသည် ယခုအခါ လူဦးရေဆုလာဘ်ရရှိနေသည့်ကာလဖြစ်ရာ ယင်းအခြေအနေကို ပိုင်ပိုင်နိုင်နိုင် အကျိုးရှိရှိ အသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ ယင်းအချက်အလက်များအပေါ် မူတည်၍ ပြည်သူ့ကျန်းမာရေးဆိုင်ရာကဏ္ဍ၊ ပညာရေးဆိုင်ရာကဏ္ဍ၊ စီးပွားရေးဆိုင်ရာကဏ္ဍနှင့် အုပ်ချုပ်ရေးဆိုင်ရာကဏ္ဍစသည့်ကဏ္ဍများအလိုက် သုံးသပ်တင်ပြနိုင်ရေးဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်ကို နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပြီး လက်ရှိအခြေအနေအရ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများမှ ပြီးစီးနိုင်သမျှသော လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်နှင့် တိကျမှန်ကန်သော အချက်အလက်များဖြစ်စေရေးအတွက် ယခင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံသုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီတင်ပြဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းမှ ထုတ်ပြန်ခဲ့သည့် အချက်အလက်များအပေါ် ကဏ္ဍတစ်ခုချင်းအလိုက် တွေ့ရှိချက်များ၊ သုံးသပ်ချက်များနှင့် ကဏ္ဍအလိုက် အသုံးပြုဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် လက်ရှိဆောင်ရွက်နေသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းမှ အဆင့်ငါးဆင့်ကို အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက တင်ပြချက်များကို လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ နှာခေါင်းစည်း ၂ ဒသမ ၅ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေနှစ်စီးဖြင့် နှာခေါင်းစည်း ၁၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www. commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များ၌ ပထမနှစ်သင်တန်းမှ ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းများကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းများသို့ တက်ရောက်လာကြသည့် သစ်လွင်ကျောင်းသား ကျောင်းသူများ ကြိုဆိုပွဲအခမ်းအနားကို ဆေးတက္ကသိုလ်(၁)ရန်ကုန် ဇီဝကခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် Semi Virtual စနစ်ဖြင့် ကျင်းပသည်။



**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ ဆေးတက္ကသိုလ်(၁) ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဖေသက်ခင်၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ သွားနှင့်ခံတွင်းဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တက္ကသိုလ်အသီးသီးသို့ ဝင်ရောက်လာကြသည့် သစ်လွင်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက သစ်လွင်ကျောင်းသား ကျောင်းသူများကို ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးပညာရပ်ဆိုင်ရာကျင့်ဝတ်သိက္ခာများကို တန်ဖိုးထား၍ ပြည်သူလူထုအား အရည်အသွေးကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကို မဆုတ်မနစ်အပြည့်အဝဆောင်ရွက်မည့် ကျန်းမာရေးလူ့စွမ်းအားစုများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ပြည်တွင်း၌ လေ့ကျင့်မွေးထုတ်ပေးရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဋ္ဌာန်၊ အနုကမ္ပာ၊ ဒယာဆိုသည့်အတိုင်း ဆရာဝန်တစ်ဦးဖြစ်သော ကျွန်ုပ်သည် ဝေဒနာရှင်လူနာအား ဥပဋ္ဌာန်-စိတ်ရော ကိုယ်ပါ ယုယုယယပြုစုကုသ၍ အနုကမ္ပာ-ကိုယ်ချင်းစာတရား လက်ကိုင်ထားလျက်၊ ဒယာ-လူလူချင်း ညှာတာထောက်ထားသောအသိဖြင့် ပြုစုကုသပါမည်ဟု အဓိဋ္ဌာယ်ဖွင့်ဆိုထားသည်နှင့်အညီ ဆရာဝန်တစ်ဦးဖြစ်လာသည့်အခါတွင် လိုက်နာကျင့်ကြံအားထုတ်ပါက ဘဝတစ်လျှောက်လုံးတွင် ကောင်းကျိုးမင်္ဂလာများနှင့် ပြည့်ဝနေမည်ဖြစ်ပါကြောင်း။

ယခုပညာသင်နှစ်တွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူ ကျောင်းသား ကျောင်းသူ ၂၈၂၄ ဦးနှင့် တိုင်းရင်းဆေးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိသူ ကျောင်းသား ကျောင်းသူ ၁၇၅ ဦး စုစုပေါင်း ၃၀၉၉ ဦး ရှိပါကြောင်း။

ပညာသင်ယူရာတွင် ဆေးနှင့်ဆေးပညာနှီးနွယ်ပညာရှင်တစ်ယောက် စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာ (Professional Ethics)များကို သိရှိလိုက်နာစောင့်ထိန်းပြီး ဆေးပညာရပ်အပေါ်ထားရှိရမည့် စိတ်နေသဘောထား (Attitude towards Profession) များကို မှန်ကန်စွာထားရှိရန် လိုအပ်ပါကြောင်း၊ ဝတ်စားဆင်ယင်မှုပြုရာတွင်လည်း တက္ကသိုလ်၏ ပုံရိပ်၊ မိမိ၏ဂုဏ်သိက္ခာနှင့်လျော်ညီသော ဝတ်စားဆင်ယင်ပြုမူမှုမျိုး ဖြစ်ရန်လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ပြည်သူ့နီတိတွင်ပါဝင်သော ပြည်သူ့တာဝန်သိတတ်မှု၊ ပေါင်းသင်းဆက်ဆံမှုနှင့် လူ့အဖွဲ့အစည်းတွင် လိုက်နာကျင့်ကြံရမည့်အချက်များ၊ မိဘဆရာများ၏ ဆိုဆုံးမစကားများ၊ ကိုယ်တိုင်လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများ၊ နိုင်ငံသားတစ်ဦးအနေဖြင့် လိုက်နာရမည့်အချက်များကို လိုက်နာကျင့်ကြံဆောင်ရွက်နိုင်လျှင် မိမိဘဝအတွက် တိုးတက်အောင်မြင်မှုများကို ရရှိနိုင်မည်ဖြစ်ကြောင်းကို အလေးထားမှာကြားလိုပါကြောင်း၊ သက်ဆိုင်ရာတက္ကသိုလ်အသီးသီးက ပညာရပ်ဆိုင်ရာဘွဲ့များရရှိပြီးသည့်အခါတွင်လည်း နိုင်ငံသူနိုင်ငံသားများအား ဆင်းရဲချမ်းသာမရွေး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြစေလိုပါကြောင်း။

နိုင်ငံတော်နှင့်ပြည်သူအပေါ် ကျေးဇူးသိတတ်ပြီး ပြန်လည်ကျေးဇူးဆပ်သူများ၊ အဆင့်ဆင့်တိုးတက်သောပညာရပ်များကို ဆည်းပူးလေ့လာနိုင်ပြီး ပြည်သူလူထုကိုကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော ပညာရှင်ကောင်းများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက သစ်လွင်ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက သစ်လွင်ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ရန်ကုန်)တွင် အုပ်စုငယ်များအလိုက် ဆေးလက်တွေ့ပညာရပ်သင်ကြားနေကြသော ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယခုပညာသင်နှစ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူအားလုံး၏ ၇၀ ရာခိုင်နှုန်း စာရင်းသွင်းတက်ရောက်လျက်ရှိကြပြီး ကျန်ရှိသူများကိုလည်း သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များသို့ အမြန်ဆုံးဆက်သွယ်ကြရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုက်တွန်းထားကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်း ခေတ်မီစံပြကျေးရွာများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခေတ်မီစံပြကျေးရွာ (SMART Village)များ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် သမဝါယမလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**ထောက်ပံ့ငွေများပေးအပ်**

ရှေးဦးစွာ မန္တလေးမြို့ သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းသို့ ရောက်ရှိရာ ဒုတိယဝန်ကြီးက ယခုဖွင့်လှစ်မည့် သင်တန်းကျောင်းသည် အဌမတန်း အောင်မြင်ပြီးသူများကို စာရင်းရေး၊ စာရင်းကိုင်ပညာဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး ပေးနိုင်ပါကြောင်း၊ သင်ကြားမှုအပိုင်းတွင် အစဉ်အလာကောင်းသည့် ဂုဏ်ပုဒ်များ ရှိသည်နှင့်အညီ ဆက်လက်ထိန်းသိမ်း သွားကြရမည်ဖြစ်ပါကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ နည်းပညာနှင့် ဒေသထွက်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဆောင်ရွက်ပေးနေပြီး သမဝါယမစနစ်ဖြင့် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် သမဝါယမပုံရိပ်တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပို့ချပေးနေသော ဘာသာရပ်များသည် လက်တွေ့အသုံးချနိုင်ပြီး အမှန်တကယ် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သဖြင့် ပညာဆက်လက်သင်ယူရန် အခက်အခဲဖြစ်နေသော လူငယ်များအတွက် အခွင့်အရေးကောင်းဖြစ်သည်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းပြောကြားပြီး ဒုတိယဝန်ကြီးက ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် သက်သာစရိတ်ထောက်ပံ့ငွေများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာသို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှုကွာဟချက် လျှော့ချရေး၊ မိသားစု ဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး စသည့်ရည်မှန်းချက်၊ ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ခေတ်မီစံပြကျေးရွာ (SMART Village)များ ထူထောင်နိုင်ရေး တို့ကို ဝန်ကြီးဌာနရှိဦးစီးဌာန သုံးခုမှ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ခေတ်မီစံပြကျေးရွာ စီမံကိန်းလုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေတွင် ကျေးရွာသုံးရွာရွေးချယ်၍ စတင်ဆောင်ရွက်ခဲ့ပြီး ရှမ်းပြည်နယ်တွင် ကျေးရွာကိုးရွာ ဆောင်ရွက်နေပါကြောင်း၊ ယခု မန္တလေးတိုင်းဒေသကြီးတွင် ကျေးရွာသုံးရွာ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် နန္ဒာမြောက်ကျေးရွာတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံပြည်သူများ၊ သင်တန်းသားများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် ဆပ်ပြာကျင်းကျေးရွာသို့ ရောက်ရှိ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သတင်းစဉ်

# ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံ တိုးချဲ့စိုက်ပျိုးမည့်တောင်သူတစ်ဦးချင်း စီမံကိန်းတာဝန်ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**သာယာဝတီ မေ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံ တိုးချဲ့စိုက်ပျိုးမည့် တောင်သူတစ်ဦးချင်း စီမံကိန်းတာဝန်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက သုံးထောင့်ကန်ကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

**စီမံကိန်းတာဝန်ပေးအပ်**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ၏ ရည်မှန်းချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စိုးလွင်နှင့်တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံ တိုးချဲ့စိုက်ပျိုးမည့်တောင်သူတစ်ဦးချင်းစီအား စီမံကိန်းတာဝန်အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ချောင်းသုံးခွအုပ်စု စက်ကွင်းလေး ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် တောင်သူတစ်ဦးချင်းစီအား စီမံကိန်းတာဝန်အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

သန့်ဇော် (ပြန်/ဆက်)



# ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့် ပညာဥယျာဉ်များ ဝေဆာလာတော့မည်

ဦးလေးခိုင်

**နိုင်ငံတစ်နိုင်ငံ အောင်မြင်ကြီးပွားခြင်း၏ အဓိကကျသောအကြောင်းအချက်တစ်ခုမှာ နိုင်ငံတွင် ပညာရေးကို ဦးစားပေးရင်းနှီးမြှုပ်နှံပြီး လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရန် မဟာဗျူဟာချမှတ်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ နိုင်ငံတိုင်း၏ အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ရာတွင် အားလုံးလက်ခံထားသည့် အချက်တစ်ခုမှာလည်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အဓိကကျသည့်ကဏ္ဍဖြစ်ပါသည်။**

ထို့ကြောင့် ပညာရေးတွင်အမြဲတမ်းရင်းနှီးမြှုပ်နှံ၊ ပညာရေးတွင် အမြဲတမ်းအဆင့်မြှင့်တင်၊ ပညာရေးတွင် စဉ်ဆက်မပြတ်သင်ကြားရေးကို ပြုလုပ်နေကြပါသည်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံသည် ကမ္ဘာ့ပညာရည်အမြင့်ဆုံးနိုင်ငံများတွင် ထိပ်ပိုင်းမှ ပါဝင်သောကြောင့် နိုင်ငံသေးငယ်သော်လည်း ဖွံ့ဖြိုးမှုမြင့်မားသောနိုင်ငံဖြစ်နေပါသည်။ အကြောင်းရင်းမှာ ပညာရေးကို အဓိကဦးစားပေး ရင်းနှီးမြှုပ်နှံခဲ့သောကြောင့် ဖြစ်သည်။ စင်ကာပူနိုင်ငံ၏ခေါင်းဆောင်လီကွမ်ယုက ပညာရေးဆိုသည်မှာ လုပ်ရိုးလုပ်စဉ်ကျောင်းတက်ပညာသင်ခြင်းထက် များစွာပိုမိုနက်နဲကျယ်ဝန်းပါသည်။ စူးစမ်းလေ့လာမှု ပြင်းပြကာ အမြဲမပြတ် သင်ယူလေ့လာနေသူများကိုသာ ပညာတတ်ဟု ယူဆကြောင်း ပြောကြားချက်ကို သတိရမိပါသည်။

ဆိုလိုရင်းမှာ **ပညာကို စဉ်ဆက်မပြတ် ကြိုးပမ်းလေ့လာသင်ယူ ဆည်းပူးအားထုတ်ခြင်းဖြင့် ပညာတတ်များပေါ်များအောင် ဆောင်ရွက်ရမည်ကို ညွှန်းဆိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပညာနှင့်ဝေး၍မရပါ။ ပညာကို အပတ်တကုတ် ဆည်းပူးနေရမည်ဖြစ်ပါသည်။ ပညာနှင့်မဝေးရန်အတွက် ဦးစွာပညာသင်ယူရမည့် စာသင်ကျောင်းများ ရှိရပါမည်။ ကျောင်းရှိလျှင် ကျောင်းများ အစဉ်ဖွင့်ရပါမည်။ ကျောင်းဖွင့်လျှင် ကျောင်းတက်ရပါမည်။ စဉ်ဆက်မပြတ်ပညာရေးကို အကောင်အထည်ဖော်ပြီး ပညာရေးအတွက် နှစ်စဉ်မပျက် ကျောင်းပိတ်ရက်မှလွဲ၍ အစဉ်မပြတ်တက်ရောက်ပညာသင်ယူနေကြရပါမည်။**

### အဖျက်လုပ်ရပ်မျိုးစုံတို့နှင့် ကြုံခဲ့ရ

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်ကာလက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများအားလုံးပိတ်ခဲ့ရပါသည်။ ကလေးသူငယ် လူငယ်လူရွယ်များ ပညာရေးနှင့်ဝေးခဲ့ရပါသည်။ ကျောင်းသားကျောင်းသူများမှာ ပညာရေးနှင့် တစ်နှစ်တာဝေးခဲ့ပြီးနောက် ၎င်းတို့ရပ်တည်နေကြသည့် အခြေအနေကို မိဘအုပ်ထိန်းသူများ အသိဆုံးဖြစ်ပါသည်။ ပညာရေးနှင့်ဝေးသဖြင့် အသိဉာဏ်ပညာများနှင့် ကင်းဝေးကာ လေလွင့်ခဲ့ရသူများလည်းရှိသည်။ ၂၀၂၁ ခုနှစ်ရောက်သည့်အခါ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးသော်လည်း ကျောင်းမတက်ရေး၊ ကျောင်းဖျက်ရေး အဖျက်လုပ်ရပ်မျိုးစုံတို့နှင့် ကြုံခဲ့ရပြန်ပါသည်။

ပညာရေးကို အစွန်းရောက်အဖျက်သမားများက နှောင့်ယှက်ဖျက်ဆီးသော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျောင်းသားလူငယ်များကို ပညာရေးနှင့် မဝေးကွာစေဘဲ ကျောင်းများပြန်လည်ဖွင့်လှစ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"ကျောင်းများပိတ်ထားရသည့်အတွက် ကျောင်းသား၊ မိဘနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသဖြင့် ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသားများ ပညာတတ်စေရန်အတွက် ကျွမ်းကျင်သည့် ဆရာ ဆရာမများက လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ယခုအခါ ကျောင်းမတက်ရန်အတွက် အချို့သူများက ခြိမ်းခြောက်ဆောင်ရွက်ပြီး အဖျက်လုပ်ငန်းများ လုပ်ဆောင်နေမှုသည် နိုင်ငံအားဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာတတ်များ ပေါ်များလာမည်ကို နိုင်ငံရေးလုပ်စားသူများက မလိုလားဘဲ ပြည်သူများ ဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ပြီး မိုက်မဲသည့်လုပ်ဆောင်ချက်ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။



### ပညာရေးအဆောက်အအုံ ၅၀၀ ကျော် ဖျက်ဆီးခံခဲ့ရ

ကမ္ဘာပေါ်ရှိ ပဋိပက္ခများ ဖြစ်ပွားခဲ့သော နိုင်ငံများတွင် စာသင်ကျောင်းများကို ရွေးချယ်၍ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းမရှိချေ။ အစွန်းရောက် စစ်သွေးကြွများပင် စာသင်ကျောင်းများကို ၎င်းတို့လမ်းစဉ်နှင့် မကိုက်ညီသောအခါတွင်မှ တိုက်ခိုက်မှုရှိသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် စာသင်ကျောင်းများကို ဖျက်ဆီးခြင်း မပြုလုပ်ခဲ့ပါ။ သို့သော် ယနေ့အစွန်းရောက်နိုင်ငံရေးသမားများနှင့် PDF အကြမ်းဖက်အဖျက်သမားများက ပညာရေးနှင့်သက်ဆိုင်သည်များအား တမင်ရည်ရွယ်ဖျက်ဆီးနေသည်ကို တွေ့ရသည်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တစ်လျှောက်၌ မြို့နယ်ပေါင်း ၁၇၇ မြို့နယ်တွင် အကြမ်းဖက်လုပ်ရပ်များကြောင့် စာသင်ကျောင်းနှင့် ပညာရေးအဆောက်အအုံ ၅၀၀ ကျော် ဖျက်ဆီးခံခဲ့ရသည်။ PDF အကြမ်းဖက်သမားများက ပညာရေးဝန်ထမ်း ၃၇ ဦးအား သတ်ဖြတ်ခဲ့ကြပြီး ဝန်ထမ်း ၃၀ ဒဏ်ရာရခဲ့သည်။

အနာဂတ်အညွန့်အဖူး ကလေးသူငယ်များ အနာဂတ်ပျောက်အောင်၊ ဘဝအညွန့်တုံးအောင် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ အကြမ်းဖက်သမားများ၏ အဆိုပါလုပ်ရပ်များကို ၎င်းတို့ခေါင်းဆောင်ဆိုသူများက တားမြစ်ကန့်ကွက်တားဆီးခဲ့ကြခြင်းမရှိပေ။ ပြည်ဖျက်မီဒီယာများကလည်း အားပေးအားမြှောက် ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ပြီးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုစဉ်အခါက စာစစ်ဌာနများနှင့် စာဖြေဌာနများကို ဗုံးပစ်ခြင်း၊ မိုင်းခွဲခြင်းများ ပြုလုပ်ခဲ့ကြသည်။ သာဓကအချို့အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ ကံပေါက်အခြေခံပညာအထက်တန်းကျောင်းတွင် စာမေးပွဲဖြေဆိုနေစဉ် လာရောက်ပစ်ခတ်ခဲ့ကြသည်။ ရေဖြူမြို့နယ် ကျောက်တိုင်လမ်းတွင်ရှိသည့် အခြေခံ

> **ပညာကို စဉ်ဆက်မပြတ်ကြိုးပမ်းလေ့လာသင်ယူဆည်းပူးအားထုတ်ခြင်းဖြင့် ပညာတတ်များပေါ်များအောင် ဆောင်ရွက်ရမည်ကို ညွှန်းဆိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပညာနှင့်ဝေး၍မရပါ။ ပညာကို အပတ်တကုတ် ဆည်းပူးနေရမည်ဖြစ်ပါသည်။ ပညာနှင့်မဝေးရန်အတွက် ဦးစွာပညာသင်ယူရမည့် စာသင်ကျောင်းများ ရှိရပါမည်။ ကျောင်းရှိလျှင် ကျောင်းများအစဉ် ဖွင့်ရပါမည်။ ကျောင်းဖွင့်လျှင် ကျောင်းတက်ရပါမည်။ စဉ်ဆက်မပြတ် ပညာရေးကို အကောင်အထည်ဖော်ပြီး ပညာရေးအတွက် နှစ်စဉ်မပျက် ကျောင်းပိတ်ရက်မှလွဲ၍ အစဉ်မပြတ် တက်ရောက်ပညာသင်ယူနေကြရပါမည်**

ပညာအထက်တန်းကျောင်း၌ အင်္ဂလိပ်စာဘာသာ ဖြေဆိုနေစဉ် လက်လုပ်အသံဗုံးဖြင့် လာရောက်ပစ်ခတ်ခဲ့သည်။ ရေစကြိုမြို့နယ် အမှတ်(၈) ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ချင်းပြည်နယ် မတူပီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင်လည်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ အခြားဒေသများတွင်လည်း နှောင့်ယှက်ဖျက်ဆီးမှုများရှိခဲ့သည်။

### ဖျက်လိုဖျက်ဆီးပြုလုပ်

ဤသို့ပြုလုပ်ခြင်းသည် တိုင်းပြည်အနာဂတ်တွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆဲအစိုးရက ဆောင်ရွက်ပေးနေသည်ကို မနာလိုမရှုဆိတ်၍လည်းကောင်း၊ ပညာလိုလားသင်ကြားကြသော လူငယ်များ၏ အနာဂတ်ကို လမ်းပျောက်စေရန်အတွက်လည်းကောင်း ဖျက်လိုဖျက်ဆီးပြုလုပ်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပညာတတ်လူငယ်များ၊ လူသားအရင်းအမြစ်များ အထူးလိုအပ်နေသော အချိန်အခါဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် ပညာရေးကဏ္ဍသည် အရေးကြီးသည်။ မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေကိုကြည့်မည်ဆိုပါက ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက်ငါးနှစ်နှင့်အထက် လူဦးရေ လေးသန်းခန့် (နိုင်ငံ့လူဦးရေ၏ ၈ ဒသမ ၁ ရာခိုင်နှုန်း) သည် အခြေအနေအကြောင်းအမျိုးမျိုးတို့ကြောင့် ကျောင်းမနေခဲ့ကြရပေ။

### နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံနီးပါး ပညာရေးနှင့်ဝေးနေ

အသက် (၂၅) နှစ်အထက် ကျောင်းမနေဖူးသူမှာ လူဦးရေ ၉၆၀၀၀၀ ခန့်ရှိသည်။ ထို့ကြောင့် ကျောင်းမနေဖူးသူပြည်သူများမှာ လူဦးရေ ငါးသန်းခန့်ရှိနေသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ မူလတန်းပညာအဆင့်သာရှိသူ ၁၂ ဒသမ ၉၇ သန်းခန့်နှင့် အလယ်တန်းပညာအဆင့်ရှိသူ ၅ ဒသမ ၄ သန်းခန့်ရှိသည်ဟုလည်း သိရသည်။ စုစုပေါင်းဆိုလျှင် အလယ်တန်းပညာအဆင့်နှင့်အောက်ရှိသူ ၁၈ ဒသမ ၂ သန်းခန့်ရှိနေပြီး နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံနီးပါးမှာ ပညာရေးနှင့်ဝေးနေသည်ကို တွေ့ရမည်။ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ အနာဂတ်ဘဝ မြင့်မားတိုးတက်ရေးအတွက် အမျိုးသားပညာရေးကို မြှင့်တင်ပေးရန် အထူးလိုအပ်နေပါသည်။

စာသင်ကျောင်းများဖွင့်လှစ်ပြီး ပညာသင်ကြားပေးနေခြင်းမှာ အစိုးရအတွက်လား၊ တိုင်းပြည်အနာဂတ်အတွက်လား၊ ကလေးသူငယ်လူငယ်များ၏ အနာဂတ်အတွက်လား ခန့်မှန်းကြည့်နိုင်ပါသည်။ ပညာသင်ကြားခြင်းသည် အနည်းနှင့်အများဆိုသလို ကောင်းကျိုးပြုပါသည်။ ကိုလိုနီခေတ် ကျွန်ပညာရေးစနစ်တွင်ပင် ထိုခေတ်က လူငယ်လူရွယ်များ၏ ဘဝတိုးတက်ရေး၊ နိုင်ငံလွတ်လပ်ရေးအတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ လွတ်လပ်သောကာလတွင်မူ ဆိုဖွယ်ရာမရှိပေ။ မျက်မှောက်ကာလသည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေသောကာလဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရန်နှင့် ဒီမိုကရေစီအသီးအပွင့်များကို အားလုံးခံစားနိုင်စေရန် ပြည်သူလူထု၏ ပညာရည်မြင့်မားနေစေရန် လိုအပ်ပါသည်။ စာမျက်နှာ ၇ သို့ ✻

✻ စာမျက်နှာ ၆ မှ

ဒီမိုကရေစီနှင့် ပညာရေးအကြောင်းဆက်ခြင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က **"တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်ခဲဆုံးဖြစ်သည်။ ဒီမိုကရေစီစနစ် အောင်မြင်စေရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင် ရှိကြရမည်။ အသိဉာဏ်ကင်းမဲ့သောနိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေမည်"** ဟု ပြောကြားခဲ့သည်ကို မှတ်သားဖူးပါသည်။ စစ်မှန်သည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မည်ဆိုပါက နိုင်ငံသားများအား အသိဉာဏ်ပညာများ ပြည့်ဝစေရန် ဖန်တီးပေးရန်လိုအပ်ကြောင်း ရည်ညွှန်းခဲ့ခြင်း ဖြစ်ပါသည်။

### အမျိုးသားပညာရေးကို မြှင့်တင်

မျက်မှောက်ကာလတွင် တိုင်းပြည်၏ အနာဂတ်နှင့် မျိုးဆက်သစ်လူငယ်များ အနာဂတ်ဘဝ တိုးတက်ကောင်းမွန်ရေးအတွက် အမျိုးသားပညာရေးကို မြှင့်တင်အားပေးလျက်ရှိသည်။ အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံပေးနေခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများက ကျောင်းသား၊ မိဘနှင့် ဆရာ ဆရာမများအပေါ် နည်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်ဖျက်ဆီးနေမှုများကြားမှ ပြည်သူပါဝင်သည့် လုံခြုံရေးအာမခံချက်များ ရယူ၍ နိုင်ငံတစ်ဝန်း၌ ကျောင်းများဖွင့်လှစ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်းအားလုံးနီးပါးကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာနိုင်ငံတွင် အခြေခံပညာအထက်တန်းအဆင့် ၆၁၇၈ ကျောင်းရှိသည့်အနက် ၅၂၀၉ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ အခြေခံပညာအလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်း စုစုပေါင်း ၄၇၇၆၀ ရှိသည့်အနက် ကျောင်းပေါင်း ၃၉၂၄၂ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ကျောင်းတက်ရောက်မှုအနေဖြင့် ကျောင်းသားကျောင်းသူ ၄၂ သိန်းကျော် (၈၁ ရာခိုင်နှုန်းကျော်) တက်ရောက်ခဲ့သည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအဆင့် အတန်းတင်စာမေးပွဲများကို ၂၀၂၂ ခုနှစ် မတ်လ နောက်ဆုံးအပတ်နှင့် ဧပြီလ ပထမပတ်တို့တွင် ယခင်လျာထားသည့်အတိုင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းပေးသွင်းထားသူများအနက် ၉၀ ဒသမ ၁၈ ရာခိုင်နှုန်း ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ နိုင်ငံတော်၏ အနာဂတ်အတွက်နှင့် ကျောင်းသား ကျောင်းသူများ စာမေးပွဲအောင်ရေးအတွက်သာမက ရာခိုင်နှုန်းပြည့် အမှန်တကယ် တတ်မြောက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

တက္ကသိုလ်ဝင်တန်းမပါ အခြေခံပညာအဆင့် စာမေးပွဲအောင်စာရင်းများကို ၂၀၂၂ ခုနှစ် ဧပြီလ ၂၄ ရက်နေ့က ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် ကျောင်းသားကျောင်းသူများ၏ အောင်စာရင်းကို ၂၀၂၂ ခုနှစ် ဇွန်လအတွင်း ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး အောင်စာရင်းထွက်မည့်ရက်ကို ထပ်မံကြေညာပေးသွားမည်ဟု သိရသည်။ တစ်ဆက်တည်းတွင် တက္ကသိုလ်၊ ကောလိပ်များကို ၂၀၂၂ ခုနှစ် မေလ ၁၂ ရက်နေ့တွင် စတင်ဖွင့်လှစ်နေပြီဖြစ်သည်။ ကျောင်းအပ်နှံရေး ရက်သတ္တပတ်သည် မေလ ၂၆ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိ ဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရန် လျာထားစီမံဆောင်ရွက်လျက်ရှိသည်။

ပညာသင်ကြားပေးမည့် ဆရာ ဆရာမများ အားလုံးကိုလည်း အရည်အသွေးမြှင့်တင်ပေးလျက်ရှိသည်။ ယမန်နှစ်က ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြား၊ နိုင်ငံရေး အပြောင်းအလဲကြား၊ အဖျက်လုပ်ရပ်ပြဿနာများကြားတွင် စာသင်ကျောင်းများကို ကာကွယ်စောင့်ရှောက်ပေးကာ ဖွင့်လှစ်ပေးခဲ့ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အနာဂတ်ကောင်းမွန်ရေးအတွက် စစ်မှန်သောစေတနာဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ နိုင်ငံအကျိုးပြု လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မျိုးဆက်သစ်များကို ပျိုးထောင်ပေးနေခြင်းဖြစ်သည်။

### လှပဝေဆာလာတော့မည်

အချုပ်အားဖြင့်ဆိုလျှင် ၂၀၂၂ ခုနှစ် မေလ ၂၆ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိသည် ကျောင်းအပ်နှံရေးရက်သတ္တပတ်ကာလဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇွန်လဆန်းသည်နှင့် အဖြူအစိမ်းရောင်လေးများ စုံစုံညီညီဖြင့် လှပဝေဆာလာတော့မည်ဖြစ် သည်။ မင်္ဂလာရှိသောနေ့ရက်များ ရောက်ရှိလာတော့မည်ဖြစ်သည်။ ညီညွတ်သောအင်အားဖြင့် အဖျက်အန္တရာယ်များဖယ်ရှား၍ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးလာတော့မည့် အေးချမ်းသာယာသော မြန်မာပြည်တွင် ရင်သွေးငယ်များ ပညာရည်နို့သောက်စို့ရာ ပညာဥယျာဉ်များ ကျက်သရေမင်္ဂလာ အဖြာဖြာ ပြည့်စုံဝေဆာလာတော့မည်ဖြစ်ပါကြောင်း။ ။

> **"အနာဂတ်အညွန့်အဖူး ကလေးသူငယ်များ အနာဂတ်ပျောက်အောင်၊ ဘဝအညွန့်တုံးအောင် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ အကြမ်းဖက်သမားများ၏ အဆိုပါလုပ်ရပ်များကို ၎င်းတို့ခေါင်းဆောင်ဆိုသူများက တားမြစ်ကန့်ကွက်တားဆီးခဲ့ကြခြင်းမရှိပေ။ ပြည်ဖျက်မီဒီယာများကလည်း အားပေးအားမြှောက်ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ပြီးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုစဉ်အခါက စာစစ်ဌာနများနှင့် စာဖြေဌာနများကို ဗုံးပစ်ခြင်း၊ မိုင်းခွဲခြင်းများ ပြုလုပ်ခဲ့ကြသည်။ သာဓကအချို့အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ ကံပေါက် အခြေခံပညာအထက်တန်းကျောင်းတွင် စာမေးပွဲဖြေဆိုနေစဉ် လာရောက်ပစ်ခတ်ခဲ့ကြသည်။ ရေဖြူမြို့နယ် ကျောက်တိုင်လမ်းတွင်ရှိသည့် အခြေခံပညာအထက်တန်းကျောင်း၌ အင်္ဂလိပ်စာဘာသာဖြေဆိုနေစဉ် လက်လုပ်အသံဗုံးဖြင့် လာရောက်ပစ်ခတ်ခဲ့သည်။ ရေစကြိုမြို့နယ် အမှတ်(၈)ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ချင်းပြည်နယ် မတူပီမြို့အခြေခံပညာအထက်တန်းကျောင်းတွင်လည်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ အခြားဒေသများတွင်လည်း နှောင့်ယှက်ဖျက်ဆီးမှုများရှိခဲ့"**

## ပညာဘဏ်သို့ သွားကြစို့

❁ ငယ်စဉ်မှာ ခါမလင့်
ရှာသင့်သည့် အရာများစွာ၊
'ဥစ္စာ' 'ကုသိုလ်'နှင့်
လူထိုထို ရှိအပ်လှ
သိပ္ပ 'ပညာ'၊
အလိုလို မရပါ
လုံ့လဖြာ ဆည်းပူးလို့၊
ပညာကို စဉ်မကွာကြိုး
ပျိုးစိုက်ပါစို့။

❁ ပညာဘဏ် ကျောင်းတော်က
လူ့ဘဝ ခရီးတွင်၊
မီးရှူးရောင် အမှောင်ခွင်းဖို့
နှင်းလိမ့်အစဉ်၊
လက်နက်နှင့် ရိက္ခာအသွင်
သူ-ငါ-သင် ရနိုင်သေး
မကောင်းကြဉ်ကာ ကောင်းရာထပ်ဖို့
ကျောင်းပညာ ကျောင်းစာတတ်အောင်
မပြတ်အစဉ် လုံ့လတိုး
ကြိုးစားစို့လေး။

❁ လူ့လောကီ လူ့ဘဝ
အဓိက အခြင်းအရာ၊
ဦးဆောင်သူ ပကတိ
'အသိ' မှန်စွာ၊
အရင်းအမြစ်ကို ဖွေရှာ
'ပညာ'သာ မလွဲ၊
'အသိမှန်' 'အတွေးမှန်'မှ
'အလုပ်မှန်' 'ရလဒ်ကောင်း'လို့
အကြောင်းစုံ ကောင်းဂုဏ်မျိုး
တိုးတက်စမြဲ။

❁ လက်ဦးဆရာ မိဘများ
သမီးသား နောင်ရေးမျှော်၊
ကြီးပွားရာ တိုးတက်ရေး
တွေးတတ်စေသော်၊
လူပေါ်က လူဇော်
လူ့အမော် ဖြစ်စေရေး၊
ပညာဘဏ် တံခါးဖွင့်
ဝင့်ကြမယ်လေး...။ ။

မိုးထက်မောင်

---

**ပညာရေးဝန်ကြီးဌာန**

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

**"ကျောင်းနေအရွယ်ကလေးအားလုံး
ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"**

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၂ ခုနှစ်၊ မေလ(၂၆)ရက်မှ ဇွန်လ (၁)ရက်ထိ

---

**ပညာရေးဝန်ကြီးဌာန**

**၂၀၂၂ -၂၀၂၃ ပညာသင်နှစ်**

**"အသိပေးကြေညာချက်"**

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

# သင်တန်းများမှ နိုင်ငံတကာလေ့လာချက်များကို သင်ကြားလေ့လာခြင်းသာမက မူဝါဒများ၊ လိုက်နာလုပ်ဆောင်သင့်သော အချက်များကို အထူးဂရုပြု အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် မေ ၁၈

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Thailand International Cooperation Agency–TICA)၏ အစီအစဉ်ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည့် အွန်လိုင်းသင်တန်းများတွင် ပါဝင်တက်ရောက်ခဲ့ကြသူများ၏ အတွေ့အကြုံ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်သည်။





**ဗဟုသုတအတွေ့အကြုံမျှဝေ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသော အခမ်းအနားမှာ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (TICA)၏ စီစဉ်ကြီးကြပ်မှုဖြင့် ၂၀၂၂ ခုနှစ်အတွက် ဖွင့်လှစ်ခဲ့သော သင်တန်းပေါင်း ၂၉ ခု ရှိသည့်အနက် ခရီးသွားကဏ္ဍနှင့် ဆက်စပ်သော သင်တန်းများသို့ ဝန်ကြီးဌာနမှ တက်ရောက်ခဲ့ကြသည့် ဝန်ထမ်းများ၏ သင်တန်းမှ လေ့လာသင်ယူချက်များအပေါ် ဗဟုသုတအတွေ့အကြုံ မျှဝေသော အစီအစဉ်ဖြစ်ပါကြောင်း။

သင်တန်းများမှ နိုင်ငံတကာ လေ့လာချက်များကို သင်ကြားလေ့လာခြင်းသာမက ဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသော မူဝါဒများ၊ လိုက်နာလုပ်ဆောင်သင့်သော အချက်များကို ပေါင်းစပ်ကာ အစဉ်အမြဲ အထူးဂရုပြု၍ လက်တွေ့၌ ဖြစ်နိုင်ခြေရှိသည်များကို အကောင်အထည် ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အစီအစဉ်သို့ ပါဝင် တက်ရောက်ကြသူများအနေဖြင့်လည်း တင်ပြချက်များအပေါ် တက်ကြွစွာ ပါဝင် ကြိုးစားဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းများသို့ တက်ရောက်ခဲ့ကြသော ဝန်ထမ်းများက ကမ္ဘာ့ခရီးသွားလုပ်ငန်း အခြေအနေနှင့် ဦးတည်ချက်များ၊ ထိုင်းနိုင်ငံ၏ ကိုဗစ်–၁၉ အလွန် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီစဉ်ဆောင်ရွက်ချက်များ၊ ဈေးကွက်မြှင့်တင်ရေးကိစ္စရပ်များ၊ အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ ခရီးသွားလုပ်ငန်း၊ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း၊ လူထုအခြေပြု ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုစသော ခေါင်းစဉ်များကို နိုင်ငံတကာ လေ့လာချက်များနှင့် နှိုင်းယှဉ်ကာ ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းများမှာ ခေါင်းစဉ်အလိုက် ရက်သတ္တနှစ်ပတ်ခန့် အွန်လိုင်းမှ သင်ကြားပို့ချခဲ့သော သင်တန်းများဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ပုံမှန်ပညာသင်နှစ်အတိုင်း ဖွင့်လှစ်သင်ကြား



ရန်ကုန် မေ ၁၈

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ စတင်၍ ပုံမှန်ပညာသင်နှစ်ဝက်ကာလအတိုင်း ပြန်လည်ဖွင့်လှစ် သင်ကြားလျက်ရှိရာ ယနေ့တွင်လည်း ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့၌ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်သင်ကြားလျက်ရှိကြသည်။

အဆိုပါ တက္ကသိုလ်များတွင် တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် တာဝန်ရှိသူများပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

**သင်ကြားပို့ချက်လျက်ရှိ**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၄၇ ခုနှင့် ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ ပညာရေး ဒီဂရီကောလိပ် ၂၅ ခုတို့တွင် ပုံမှန်ပညာသင်နှစ်အတိုင်း ဖွင့်လှစ်သင်ကြားပို့ချက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာအထက်တန်းဆင့် (Grade-11)သင်ရိုးသစ် နည်းပြသင်တန်းတွင် ဘာသာရပ် ၁၀ မျိုး သင်ကြားပို့ချ

## စိတ်နေစိတ်ထားယဉ်ကျေးသိမ်မွေ့အောင်၊ ကာယပညာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးပေးခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် ကလေးများ မွေးထုတ်ပေးနိုင်မည်

ရန်ကုန် မေ ၁၈

**ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသည့် အခြေခံပညာအထက်တန်းဆင့် (Grade–11) သင်ရိုးသစ် တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၆ ရက်တွင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပခဲ့သည်။**

"၂၀၂၂–၂၀၂၃ ပညာနှစ်မှာ နိုင်ငံတော်က သင်ရိုးသစ်အနေနဲ့ (Grade–5)၊ (Grade–8)နဲ့ (Grade–11) အတန်းတွေကို စီစဉ်ပေးပါတယ်။ ကျွန်မက ဗဟိုအဆင့်မှာ သင်တန်းတက်ရောက်ခဲ့ပြီး (Grade–11)သင်ရိုးသစ် အင်္ဂလိပ်စာကို သင်ကြားပို့ချပေးရမှာဖြစ်ပါတယ်။ (Grade–11) သင်ရိုးသစ်မှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ၊ ဘောဂ၊ ပထဝီ၊ သမိုင်း၊ စာရိတ္တနဲ့ ပြည်သူ့နီတိ၊ ကာယပညာဘာသာရပ်တွေကို ပို့ချသွားမှာ ဖြစ်ပါတယ်။ စာရိတ္တနဲ့ ပြည်သူ့နီတိဘာသာရပ်ကို တချို့မိဘတွေအနေနဲ့ သင်ပေးတာလည်းရှိတယ်။ အခက်အခဲအမျိုးမျိုးကြောင့် သင်မပေးနိုင်တာလည်းရှိတယ်။ ဒါတွေကို သင်ရိုးထဲမှာ ထည့်သွင်းထားပြီး ဆရာ ဆရာမတွေ ပြန်ပြီးပို့ချပေးခြင်းအားဖြင့် ကျောင်းသားကျောင်းသူတွေကို လိမ္မာယဉ်ကျေးပြီး အသိပညာ ဗဟုသုတ၊ လိုက်နာရမယ့် ဆောင်ရန်၊ ရှောင်ရန်တွေကို သိရှိသွားမယ်။ စိတ်နေစိတ်ထားယဉ်ကျေးသိမ်မွေ့အောင် ပျိုးထောင်ပေးသွားမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ကာယပညာနဲ့ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပံ့ပိုးပေးသွားခြင်းအားဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ ကလေးတွေကို နိုင်ငံတော်အတွက် မွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်"ဟု ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (အ ထ က – ၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်စံပယ်လှက သင်ရိုးသစ်နှင့်စပ်လျဉ်း၍ ပြောကြားသည်။



ဒေါ်စံပယ်လှ



ဦးကျော်မိုးထွန်း



ဒေါက်တာစန္ဒာမြငြိမ်း

သင်တန်းကို မေ ၁၆ ရက်မှ မေ ၁၈ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ သုံးရက်ကြာသင်ကြားပို့ချခဲ့ပြီး သင်တန်းနည်းပြ ၄၀ တို့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆရာ ဆရာမ ၄၃၀ ကို ပြန်လည်ပို့ချခဲ့ကြောင်း သိရသည်။

(Grade–11)သင်ရိုးသစ် သင်တန်းပို့ချရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်းက "ကျောင်းသားကျောင်းသူတွေ ၂၁ ရာစုနဲ့ လိုက်လျောညီထွေမှုရှိတဲ့ ပညာရပ်တွေကိုတတ်မြောက်ပြီး တိုင်းချစ် ပြည်ချစ်၊ မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ထက်သန်သော ယဉ်ကျေးလိမ္မာတဲ့ နိုင်ငံတော်ရဲ့ အနာဂတ်သားကောင်းရတနာတွေ ပြုစုပျိုးထောင်ပေးဖို့ဖြစ်ပါတယ်။ အခုတိုင်းဒေသကြီးအဆင့် သင်တန်းပို့ချပေးတာဖြစ်ပြီး မြို့နယ်တွေမှာ ဆင့်ပွားသင်တန်း ပြန်လည်ပို့ချသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

သင်တန်းတက်ရောက်မှုနှင့် ပက်သက်၍ စမ်းချောင်းမြို့နယ်(အထက–၂) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြငြိမ်းက "ဒီနေ့က (Grade–11) အထက်တန်းအဆင့် သင်ရိုးသစ် သင်တန်းဖွင့်ပွဲဖြစ်ပါတယ်။ ယခင်သင်ရိုးဟောင်းမှာ သိပ္ပံတွဲမှာ ခြောက်ဘာသာ၊ ဝိဇ္ဇာတွဲမှာ ဘောဂဗေဒနဲ့ဆို ခုနစ်ဘာသာ၊ အခုသင်ရိုးသစ်မှာ ၁၀ ဘာသာဖြစ်တဲ့အတွက် သင်တန်းပြန်ပို့ချဖို့ သင်တန်းတက်ရတာဖြစ်ပါတယ်။ ကျွန်မကတော့ စာရိတ္တနဲ့ ပြည်သူ့နီတိ၊ ကာယပညာဘာသာရပ်မှာ နည်းပြသင်တန်းတက်မှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

၂၀၂၂–၂၀၂၃ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာဦးစီးဌာနအောက်ရှိ ထက်/လယ်/မူ ကျောင်းများမှ တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၂ ခုနှစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားသည်။

**သတင်းနှင့်ဓာတ်ပုံ– မွေးမွေး**

# ဒေသတည်ငြိမ် အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ မေ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၈ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ဒေသတည်ငြိမ်အေးချမ်းမှသာ တရားဥပဒေစိုးမိုးကာ အခြားလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်၍ လုံခြုံမှုရှိရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့်တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းကာ ဒေသလုံခြုံတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ရှိသူများနှင့်အတူ ဖြည့်ဆည်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် လည်းကောင်း၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မိမိတို့ခရိုင်များအတွင်းရှိ ခရိုင်/ မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာဝင်းနိုင်တို့က တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ ၊ထိန်းချုပ်ရေးလုပ်ငန်းများ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က ပန်းခင်းစီမံချက်၊ နိုင် ၄ ဖြည့်သွင်းခြင်း လုပ်ငန်းများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းလှိုင်ဦးက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ Power Point ဖြင့် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# မသန်စွမ်းသူများအတွက် အခြေခံဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲ ကျင်းပ

ညောင်ရွှေ မေ ၁၈

မသန်စွမ်းသူများအတွက် အခြေခံဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲကို မေ ၁၈ ရက် နံနက် ၈ နာရီက ညောင်ရွှေမြို့ အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း အရင်းအမြစ်ကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်ပြီး ပြည်တွင်း၊ပြည်ပဧည့်သည်များ လာရောက်လည်ပတ်ရာ ခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းအတွက် ရေခံမြေခံကောင်းများ၊အလားအလာကောင်းများ တည်ရှိရာဒေသတစ်ခုဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပခရီးသွားအားလုံးအတွက် အသင့်ဖြစ်စေရန်နှင့် အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းဖြစ်စေရန် မသန်စွမ်းခရီးသွားများအတွက် အခြေခံဝန်ဆောင်မှုဆိုင်ရာသင်တန်းကို စမ်းသပ်စီမံကိန်းအဖြစ် စတင်အကောင်အထည်ဖော်ခြင်း ဖြစ်ပါကြောင်း၊ အင်းလေးဒေသသည် မြန်မာပြည်၏ အဓိက ခရီးစဉ်လေးခုဖြစ်သော ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေးတို့တွင် တစ်ခုအပါအဝင်ဖြစ်ပြီး ကိုဗစ်- ၁၉ မဖြစ်ခင်ကာလ အင်းလေးဒေသ၌ ပြည်ပဧည့်သည် တစ်နှစ်လျှင် နှစ်သိန်းကျော် လာရောက်လည်ပတ်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း ၊ လာရောက်လည်ပတ်သည့် ဧည့်သည်များထဲတွင် မသန်စွမ်းခရီးသွားဧည့်သည် ပါလာနိုင်သည့်အတွက် ၎င်းဧည့်သည်များကို ကောင်းမွန်စွာ ဝန်ဆောင်မှုပြုနိုင်ရန် လိုအပ်မည်ဖြစ်သည့်အတွက် ယခုလိုသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း၊ သင်တန်းကို ရှမ်းပြည်နယ်အတွင်း တောင်ကြီးမြို့၊ ကလောမြို့၊ တာချီလိတ်မြို့၊ ကျိုင်းတုံမြို့တို့တွင် တစ်ကြိမ်စီ ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် ညောင်ရွှေမြို့၌ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ညောင်ရွှေမြို့နယ် ဟိုတယ်လုပ်ငန်းရှင်များ ဥက္ကဋ္ဌ ဦးစဝ်သာဦးက အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ရာ ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။ အဆိုပါသင်တန်းကို ညောင်ရွှေမြို့ရှိ ဟိုတယ်၊ မိုတယ်၊ စားသောက်ဆိုင် လုပ်ငန်းရှင် ၁၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဂုန်မင်းကျေးရွာ တောင်သူများနှင့်တွေ့ဆုံ

ကျောင်းကုန်း မေ ၁၈

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဂုန်မင်းအုပ်စုမှ တောင်သူများနှင့် တွေ့ဆုံပွဲကို ဂုန်မင်းကျေးရွာ သာသနဇောတိကကျောင်းတိုက်ဓမ္မာရုံ၌ ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုန်မင်းကျေးရွာ သာသနဇောတိကကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံ မြတ်သက်န်းနှင့် နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဓမ္မာရုံအတွင်း၌ တောင်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လယ်ယာမြေစာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်မောင်မြင့်၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ထွန်း၊ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမိုးမိုးခိုင်တို့က မိမိတို့ဌာန လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။ ယင်းနောက် တက်ရောက်လာသော ဂုန်မင်းကျေးရွာမှ တောင်သူဦးဟန်မြင့်၊ လှည်းဆိပ်ကျေးရွာမှ တောင်သူ ဦးငွေပိုင်တို့က ဒေသအခက်အခဲများကို တင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

■



# "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၁၈**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတတိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာ မင်္ဂလာ အစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့တိုင်း MRTV ၏ ည ၈ နာရီ သတင်း အပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ (၃၈) ဖြာ မင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် "အသေဝနာစ ဗာလာနံ" (လူမိုက်ကို ရှောင်ခွာခြင်း) နှင့် "ပတိရူပ ဒေသဝါသောစ" (သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်း) ဆိုသည့် အစီအစဉ်နှစ်ခုကို ဦးစွာပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို နန်းတော်ရှေ့ဆရာတင်၏ မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ဓူဝံ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ သော်သော်နန်းဝင်း (ရွှေနန်းသဘင်)၊ မိုးပြည့်ပြည့်မောင်၊ တင်မောင်ဆန်းမင်းဝင်း၊ ဘွန်းနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင် တင်ဆက်ကြမည်ဖြစ်သည်။

**သတင်းစဉ်**




# "မနဲ့မောင်" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၁၈**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "မနဲ့ မောင်" တေးဂီတဖျော်ဖြေပွဲကို မေ ၂၀ ရက် သောကြာနေ့ည ၈ နာရီ သတင်း အပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသ မည်ဖြစ်သည်။




ယင်းအစီအစဉ်ကို မြန်မာ့အသံ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် မယ်လိုဒီ၊ သဒ္ဒါဖြူ၊ စုလှိုင်မျိုးသိန်း၊ ရွှေဖြူ၊ ဖင်သူဇာထွန်း၊ ဖင်သူသူထွန်း၊ ဘိုမ၊ စိုးသန်းထွဋ်နှင့် စောဒယ်နီရယ်တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မေ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည် ။

**သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရွှင်တော်အသင်းနှင့် ကိုလူချော အဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် မေ ၁၈**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၆၆) ကို မေ ၂၀ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

**ထုတ်လွှင့်ပြသသွားမည်**

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေခွေးနှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြ မည်ဖြစ်ပြီး လူ့ရွှင်တော်အသင်းနှင့် ကိုလူချော တို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မေ ၂၀၊ ၂၁ နှင့် ၂၂ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ပင်လယ်ပြင်၌ ငါးဖမ်းခွင့် သုံးလ ယာယီပိတ်ထားသော်လည်း မိရိုးဖလာကမ်းနီးငါးဖမ်းလှေ အစင်းရေ ၂၀၀၀ ကျော်အား ငါးဖမ်းခွင့်ပြုထား

**ရန်ကုန် မေ ၁၈**

မြန်မာ့ပင်လယ်ပြင်၌ ငါးဖမ်းခွင့် သုံးလယာယီပိတ်ထားသော်လည်း မိရိုးဖလာ ကမ်းနီးငါးဖမ်းလှေအစင်းရေ ၂၀၀၀ ကျော်အား ငါးဖမ်းခွင့်ပြုထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

နှစ်စဉ်မြန်မာ့ပင်လယ်ပြင်တွင် ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ခြင်း၊ လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဌာနများမှ ယာယီ ရပ်နားထားခြင်း၊ အင်္ဂလန်ကျားဖောင်၊ ကင်းမွန်ဖမ်းခြင်းနှင့် ဝိုင်းချုပ် ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြသည့် ငါးဖမ်းလှေများကို မေ ၁ ရက်မှစတင်ကာ ဇွန် ၃၀ ရက်အထိ နှစ်လကြာငါးဖမ်းခွင့်ပိတ် ထားခြင်းဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျားပိုက်အပါအဝင် ပိုက်ကွန် ချဖမ်းရသည့် ငါးဖမ်းလှေများကိုမူ ဧပြီ ၁ ရက်မှဇွန် ၃၀ ရက်အထိ သုံး လတာကာလ ယာယီငါးဖမ်းခွင့်ပိတ်ထားသော်လည်း ထိုသို့ငါးဖမ်း ခွင့်ယာယီပိတ်ထားစဉ်ကာလအတွင်း ကော့သောင်းခရိုင်အတွင်းရှိ မိရိုးဖလာကမ်းနီးငါးဖမ်းလှေအစင်းရေ ၂၀၀၀ ကျော်ကိုမူ ငါးဖမ်းခွင့်ပြု ထားပေးကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ဇူလိုင် ၁ ရက်မှာတော့ အကုန်ပြန်ဖွင့်မှာဖြစ်ပါတယ်၊ လက်ရှိယာ ယီပိတ်ထားတဲ့သုံးလတာကာလမှာတော့မိရိုးဖလာကမ်းနီးငါးဖမ်းလှေ အစင်းရေ ၂၀၀၀ ကျော်ကိုတော့ ငါးဖမ်းခွင့်ပြုထားပေးပါတယ်"ဟု ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ငါးသားဖောက်စခန်း များမှ တစ်လက်မအရွယ်အစားရှိသည့် ငါးသားပေါက်များကို နှစ်စဉ် ငါးမျိုးစိတ်အဖြစ် စိုက်ထည့်ပေးလျက်ရှိသော်လည်း တနင်္သာရီတိုင်း ဒေသကြီးအတွင်း၌မူ ငါးမျိုးစိတ်စိုက်ထည့်ခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနနှင့် နော်ဝေနိုင်ငံမှ နိုင်ငံတကာငါးလုပ်ငန်း သုတေသနပညာရှင်တို့၏ သုတေသနပြုထားချက်အရ မြန်မာ့ရေပိုင် နက် ပင်လယ်ပြင်အတွင်း ရေပေါ်ရေအောက်ငါးသယံဇာတနှင့် ငါးမျိုး စိတ်များ လျော့နည်းကျဆင်းလာကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ရေထွက်ကုန်ပစ္စည်းများကိုလည်း ထိုင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိပြီး နိုင်ငံ ပေါင်း ၄၀ ကျော်ကိုလည်း ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိ ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**ပွင့်သစ္စာ**

# ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ မေ ၁၈**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ (မီနီ) ဘဏ္ဍာနှစ် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အတွက် လုပ်ငန်းဆောင်ရွက်နိုင်ရေး ညှိနှိုင်း အစည်းအဝေးကို မေ ၁၇ ရက် နံနက်ပိုင်း တွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းတင်ပြ**

အဆိုပါ အစည်းအဝေးသို့ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူး ကြီးကျော်သူရ တက်ရောက်ပြီး ငါးလုပ်ငန်း ဦးစီးဌာနနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် ပြည်နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသက်ဦးက ငါးလုပ်ငန်း ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအမံများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများနှင့် ပုစွန် သားပေါက်စခန်းတာဝန်ခံများက လုပ်ငန်း ဆောင်ရွက်မှုများကို အသီးသီးတင်ပြကြရာ ပြည်နယ်ဦးစီးမှူးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ အခြေခံပညာအလယ်တန်းအဆင့် (Grade-8) သင်ရိုးသစ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**တိုက်ကြီး မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းအဆင့် (Grade-8) သင်ရိုးသစ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို မေ ၁၆ ရက် နံနက် ၉ နာရီက တိုက်ကြီးမြို့နယ်ရှိ အထက (တိုက်ကြီး) အနော်ရထာခန်းမ၌ ကျင်းပသည်။



ဆင့်ပွားသင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးမောင်မောင်လတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပညာရေးမှူး ဦးဌေးဌေးက သင်တန်းဖွင့်လှစ် ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

တိုက်ကြီးမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း ကျောင်းအုပ်များနှင့် အလယ်တန်းပြ သင်တန်းနည်းပြ ဆရာ ဆရာမများက အထက (တိုက်ကြီး)နှင့် အထက (တိုက်ကြီး-မြို့မ) ကျောင်းတို့၌ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၄၉၅ ဦးတို့ကို မေ ၁၆ရက်မှ၁၈ရက်အထိ သက်ဆိုင်ရာဘာသာရပ် များအလိုက် ဆင့်ပွားပို့ချ သင်ကြားပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# မိုးဦးကျကာလနှင့် သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်

မေယု-မျိုးအောင် (MANA)

သွေးလွန်တုပ်ကွေးရောဂါသည် နှစ်စဉ် မိုးဦးကျရာသီမှ မိုးနှောင်းကာလများအထိ အရွယ်မရောက်သေးသော ကလေးများတွင်သာ ယခင်က ဖြစ်ပွားခဲ့သော်လည်း ယခုအခါ ရောဂါဗီဇမျိုးစိတ်များ အဆင့်မြင့်လာမှုကြောင့် အရွယ်ရောက်ပြီးသူများတွင်ပါ ကူးစက်ဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် စာသင်ကျောင်းများမှတစ်ဆင့် ရောဂါပိုးရှိသော ခြင်ကိုက်ခံရမှုကြောင့် ကလေးငယ်တစ်ဦးတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားပါက အခြားသောကလေးငယ်များသို့ လွယ်ကူလျင်မြန်စွာ ကူးစက်နိုင်သည့် အနေအထားက ရှိနေသည်။

**ဇွန်၊ ဇူလိုင်၊ သြဂုတ်လများတွင် အများဆုံး ဖြစ်ပွား**

၂၀၁၈ ခုနှစ်အတွင်း ဇန်နဝါရီလမှ စက်တင်ဘာလ ၂၇ ရက်နေ့အထိ တစ်နိုင်ငံလုံးတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား၍ ဆေးရုံတက်ကုသရသူ ဦးရေ ၂၆၀၀ အထိရှိပြီး ၎င်းတို့အနက်မှ ၂၀ သေဆုံးခဲ့ကာ သေဆုံးသူအများစုမှာ ကျောင်းနေအရွယ် အသက်(၁၅)နှစ်အောက် ကလေးငယ်များဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံတွင် မိုးများသည့် ဇွန်၊ ဇူလိုင်၊ သြဂုတ်လများတွင် အများဆုံးဖြစ်ပွားတတ်ပြီး မိုးရွာနောက်ကျတတ်သော မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင်မူ စက်တင်ဘာလ၊ နိုဝင်ဘာလများတွင် ဖြစ်ပွားနှုန်းမြင့်မားလေ့ရှိသည်ဟုသိရသည်။ တစ်နှစ်နှင့်တစ်နှစ် ဖြစ်ပွားချိန် အနည်းငယ်ကွာခြားတတ်ပြီး တစ်နှစ်ပတ်လုံး အချိန်မရွေးဖြစ်ပွားနိုင်သည့် ရောဂါလည်းဖြစ်သည်။

ရန်ကုန်နှင့် မန္တလေးအပါအဝင် အချို့သော ဆင်ခြေဖုံးမြို့နယ်များရှိ စာသင်ကျောင်းများ၊ နယ်မြို့များနှင့် ကျေးလက်ဒေသများရှိ စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးအပါအဝင် အခြားခြင်မှတစ်ဆင့် ကူးစက်စေတတ်သောရောဂါများဖြစ်ပွားစေ၍ ခြင်ပေါက်ပွားမှုများ ဖြစ်ပေါ်စေနိုင်သော ရေမြောင်းများ ရေစီးရေလာမကောင်းခြင်း၊ ပိတ်ဆို့ခြင်း၊ ကျောင်းဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ထူထပ်နေခြင်း၊ ရေဝပ်နိုင်သော နေရာများနှင့် ခြင်ပေါက်ပွား ခိုအောင်းနိုင်သော အခြေအနေများစွာ ဖြစ်ပေါ်လျက်ရှိနေသည်။ ထိုသို့သော အခြေအနေအား ကျောင်းတာဝန်ရှိသူ ဆရာ ဆရာမများသာမက မိဘအုပ်ထိန်းသူများ၊ ကျောင်းပတ်ဝန်းကျင်နေ ပြည်သူလူထုနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းရှင်းလင်းဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက စာသင်ကျောင်းများမှတစ်ဆင့် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုများ လျော့နည်းကျဆင်းသွားနိုင်မည်ဖြစ်သည်။ လူနေရပ်ကွက်နှင့် ကျေးရွာများအတွင်းတွင်လည်း မိုးဦးကျရာသီကာလအတွင်း ရေကြီးရေလျှံမှုနှင့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေးအတွက် မိမိရပ်ရွာသန့်ရှင်းသာယာလှပရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးတို့အား သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက ဦးဆောင်ကာ လုပ်ဆောင်ရန်လိုအပ်လျက်ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများကြောင့် သေဆုံးသူများထဲတွင် လူကြီးများပင် ပါဝင်ကြောင်း သိရသည်။ စာရင်းကောက်ယူမှုရှိသော ဆေးရုံ၊ ဆေးခန်းများမှ ရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းသာသိရပြီး ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများနှင့် အလှမ်းမမီသော ကျေးလက်ဒေသများတွင် မည်မျှအထိ အဆိုပါရောဂါဖြစ်ပွားနေမှုနှင့် သေဆုံးမှုနှုန်းကို မသိရပေ။ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A ($H_1N_1$) ဖြစ်ပွားတတ်သောကာလဖြစ်၍ ပြည်သူ့ဆေးရုံများတွင် ဆေးဝါးများ လုံလောက်စွာထားရှိရန်နှင့် ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ညွှန်ကြားထားကြောင်း သိရသည်။

> **“ယခင်က အသက် (၁၅) နှစ်အောက် ကလေးများတွင် ဖြစ်ပွားမှုများပြားခဲ့သော်လည်း ယခုအခါ အသက် (၁၅) နှစ်အထိ လူငယ်များ၊ အသက် ၄၀ မှ ၈၀ ကြား လူကြီးများတွင်ပါ ဖြစ်ပွားမှုများပြားလာပြီး လူကြီးများတွင် ဖြစ်ပွားပါက နောက်ဆက်တွဲဆိုးကျိုးပိုမိုများပြားကြောင်းနှင့် ယခင်က မြို့ပြဆန်သော နေရာဒေသများတွင်သာ အဓိကဖြစ်ပွားသော်လည်း ယခုအခါ ကျေးလက်ဒေသများ၊ ကျေးရွာများတွင်ပါ ပျံ့နှံ့ဖြစ်ပွားလာကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု နှစ်စဉ်မြင့်တက်လာရာ ပျမ်းမျှတစ်နှစ်လျှင် လူဦးရေ တစ်သောင်းကျော်ဖြစ်ပွားပြီး ၆၀ နှုန်း သေဆုံး”**

**(A) အဆင့် သတ်မှတ်ထား**

အမျိုးသားကျန်းမာရေးခာတ်ခွဲမှုဆိုင်ရာ ဌာန၏ စွမ်းဆောင်နိုင်မှုကို မြှင့်တင်နိုင်ရေးအတွက် လုံခြုံစိတ်ချရသည့် ဓာတ်ခွဲခန်းများ တိုးမြှင့်တည်ဆောက်ခြင်းနှင့် ပဋိဇီဝဆေးဝါးများ ယဉ်ပါးမှုမဖြစ်စေရေးအတွက် အရေးကြီးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်းများတွင် အားဖြည့်ဆောင်ရွက်သွားရန် ဦးစားပေးသတ်မှတ်ခြင်းများပြုလုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားသည်။ ရာသီတုပ်ကွေးရောဂါသည် မိုးတွင်းကာလနှင့် ဆောင်းတွင်းကာလများတွင် ပိုမိုဖြစ်ပွားကူးစက်တတ်ရာ ဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးစီမံချက်ကိုရေးဆွဲ၍ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံသည် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနှုန်း မြင့်မားခြင်းကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က (A) အဆင့်သတ်မှတ်ထားကြောင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

၂၀၁၈ ခုနှစ် ပထမငါးလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၆၇၀ ကျော်အထိရှိခဲ့ပြီး မိုးရာသီရောက်ရှိချိန်တွင် ရောဂါဖြစ်ပွားနှုန်းများ ဆက်တိုက်မြင့်တက်လာခဲ့ကြောင်းနှင့် ၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၌ သွေးလွန်တုပ်ကွေးဖြစ်ပွားနှုန်းမှာ ဇန်နဝါရီလတွင် ၁၉၇ ဦး၊ ဖေဖော်ဝါရီလတွင် ၁၁၃ ဦး၊ မတ်လတွင် ၁၀၀၊ ဧပြီလတွင် ၉၉ ဦးနှင့် မေလတွင် ၁၆၂ ဦး၊ စုစုပေါင်း ၆၇၁ ဦးဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရရှိသည့် အချက်အလက်များအရ သိရသည်။ ယခင်က အသက် (၁၅) နှစ်အောက် ကလေးများတွင် ဖြစ်ပွားမှုများပြားခဲ့သော်လည်း ယခုအခါ အသက် (၁၅) နှစ်အထိ လူငယ်များ၊ အသက် ၄၀ မှ ၈၀ ကြား လူကြီးများတွင်ပါ ဖြစ်ပွားမှုများပြားလာပြီး လူကြီးများတွင် ဖြစ်ပွားပါက နောက်ဆက်တွဲဆိုးကျိုး ပိုမိုများပြားကြောင်းနှင့် ယခင်က မြို့ပြဆန်သော နေရာဒေသများတွင်သာ အဓိကဖြစ်ပွားသော်လည်း ယခုအခါ ကျေးလက်ဒေသများ၊ ကျေးရွာများတွင်ပါ ပျံ့နှံ့ဖြစ်ပွားလာကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု နှစ်စဉ်မြင့်တက်လာရာ ပျမ်းမျှတစ်နှစ်လျှင် လူဦးရေ တစ်သောင်းကျော် ဖြစ်ပွားပြီး ၆၀ နှုန်း သေဆုံးနေကြောင်း သိရသည်။

**ကပ်ရောဂါအသွင်ဖြစ်ပွား**

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါသည် နှစ်နှစ်၊ သုံးနှစ်လျှင်တစ်ကြိမ် ကပ်ရောဂါအသွင် ဖြစ်ပွားလေ့ရှိသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အမြင့်ဆုံးအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ၄၃၈၄၅ ဦးဖြစ်ပွားခဲ့ပြီး အမြင့်ဆုံးသေဆုံးမှု ၄၄၄ ဦးကို ၁၉၉၄ ခုနှစ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် သွေးလွန်တုပ်ကွေးရောဂါ၏ သေဆုံးမှုနှုန်းမှာမူ ၁၉၇၀ ပြည့်နှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် သုည ဒသမ ၃၇ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ ရရှိသည့် အချက်အလက်များအရ သိရသည်။

ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများတွင် ဖြစ်ပွားမှုနှုန်းများ ဆက်တိုက်မြင့်တက်လျက်ရှိကြောင်းနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရောဂါဖြစ်ပွားမှုနှုန်း နှစ်စဉ်မြင့်တက်လာသည့် သွေးလွန်တုပ်ကွေးရောဂါကို ၂၀၁၅ ခုနှစ်မှစ၍ တစ်နှစ်ပတ်လုံး စောင့်ကြပ်ကြည့်ရှုရသည့် ရောဂါစာရင်းတွင် စတင်ထည့်သွင်းခဲ့သည်။ သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်မှကာကွယ်ရန် အရေးကြီးဆုံးသောအချက်မှာ မိမိတို့သားသမီးများ ခြင်အကိုက်မခံရအောင် အထူးသတိပြုကာကွယ်ခြင်းပင်ဖြစ်သည်။ နေ့ခင်းအိပ်စက်သည့်အခါ ခြင်ထောင်ဖြင့် အိပ်စက်ခြင်းသည် အကောင်းဆုံးပင်ဖြစ်သည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံတွင် ခြင်အမျိုးအစားသုံးမျိုးရှိပြီး အနောဖလိစ် (Anopheles) ခြင်မှတစ်ဆင့် ငှက်ဖျားရောဂါ၊ အေးဒိစ် (Aedes) ခြင်မှတစ်ဆင့် သွေးလွန်တုပ်ကွေးရောဂါ၊ အဝါရောင်အဖျားရောဂါ၊ ဆင်တုပ်ကွေးရောဂါတို့ကို ဖြစ်စေသည်။ ကျူလိစ် (Culex) ခြင်မှတစ်ဆင့် ဂျပန်ဦးနှောက်ရောင်ရောဂါနှင့် ဆင်ခြေထောက်ရောဂါကိုဖြစ်စေပြီး ငှက်ဖျားခြင်၊ သွေးလွန်တုပ်ကွေးခြင် (ခေါ်) အနောဖလိခြင်မှာ ရေကြည်၊ ရေသန့်၊ ရေငြိမ်တွင် ပေါက်ပွားလေ့ရှိရာ ကျူလိစ်ခြင်သည် ရေပုပ်ရေသိုးအုတ်မြောင်း၊ မိလ္လာကျင်း၊ အသုံးမပြုနိုင်သည့် အိုးခွက်များ၊ မြေတွင်း၊ မြေချိုင့်များနှင့် အသုံးမပြုသည့် ရေတွင်းရေကန်များတွင် ပေါက်ပွားလေ့ရှိသည်ဟု သိရသည်။ သွေးလွန်တုပ်ကွေးရောဂါကို ဖြစ်စေသည့်ခြင်သည် ရေကြည်ရေသန့်တွင် ပေါက်ပွားတတ်သောကြောင့် အိုးများ၊ ရေကန်များကို ဖုံးအုပ်ထားသင့်၏။ ပိုးလောက်လမ်းများ မပေါက်ပွားစေရန် သက်ဆိုင်ရာဌာနများက အဘိတ်ဆေးခတ်ခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ မိမိပတ်ဝန်းကျင်တွင် ချုံ၊ နွယ်၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ လေဝင်လေထွက်ကောင်းမွန်အောင်စီမံခြင်းတို့ကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

ကမ္ဘာပေါ်တွင် ခြင်အမျိုးအစားပေါင်း ၃၀၀၀ ခန့်ရှိပြီး လူပေါင်းနှစ်သန်းခန့်သည် ခြင်မှတစ်ဆင့် ကူးစက်သည့်ရောဂါများကို ခံစားနေရပြီး ခြင်မှတစ်ဆင့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ အဝါရောင်အဖျားရောဂါ၊ ဆင်တုပ်ကွေးရောဂါများ ဖြစ်ပွားနိုင်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် ရောဂါအခြေအနေပြင်းထန်ဆိုးရွားလာပါက အသက်သေဆုံးနိုင်သည်အထိ ဖြစ်ပွားနိုင်ခြင်းကြောင့် ကပ်ရောဂါအသွင် မဖြစ်ပွားလာစေရေးအတွက် ထိုရောဂါဖြစ်ပွားပါက ဆောလျင်စွာ ဆေးကုသမှုခံယူရန်၊ ရောဂါပြန့်ပွားကူးစက်ခံရခြင်း မရှိစေရေးအတွက် ခြင်အန္တရာယ်ကာကွယ်ရေး အစီအစဉ်များအား သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ကျန်းမာရေးအသိဖြင့် ဝိုင်းဝန်းလုပ်ဆောင်ရန် အရေးတကြီး လိုအပ်လျက်ရှိပါကြောင်း အသိပေးနှိုးဆော်လိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၄၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၁၀,၂၁၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၁၈၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၁၃၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၇-၅-၂၀၂၂) ရက်နေ့ အထိ လူဦးရေစုစုပေါင်း (၃၁,၁၆၄,၈၈၅) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၃၆၁,၆၂၉) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၄,၈၀၃,၂၅၆) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၈၂၉,၅၈၈) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၇-၅-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၅၇,၇၉၇,၇၂၉) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ https://moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၉၂) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၉) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၂၃၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၂၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၄၆၄) ခု | (၂) ဦး |
| **စုစုပေါင်း** | **(၉,၆၄၅) ခု** | **(၁၄) ဦး** |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၁၇-၅-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၃၆၁,၆၂၉) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၄,၈၀၃,၂၅၆) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၈၂၉,၅၈၈) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၁,၁၆၄,၈၈၅) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၇,၇၉၇,၇၂၉) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၄၇၃၄၄၇ | ၈၁၃၈၀၇၇၅ | ၁၀၂၇၂၈၅ |
| ၂။ | အိန္ဒိယ | ၄၃၁၂၇၁၉၉ | ၄၂၅၈၇၂၅၉ | ၅၂၄၂၉၃ |
| ၃။ | ဘရာဇီး | ၃၀၇၂၈၂၈၆ | ၂၉၇၂၄၆၈၂ | ၆၆၅၂၇၇ |
| ၄။ | ပြင်သစ် | ၂၉၂၃၃၃၀၉ | ၂၈၃၃၅၅၅၆ | ၁၄၇၅၆၈ |
| ၅။ | ဂျာမနီ | ၂၅၈၉၂၂၅၅ | ၂၄၂၉၉၀၀၀ | ၁၃၈၀၈၃ |
| ၆။ | ဗြိတိန် | ၂၂၂၀၇၁၀၂ | ၂၁၇၃၄၁၉၃ | ၁၇၇၄၁၀ |
| ၇။ | ရုရှား | ၁၈၂၇၃၆၉၀ | ၁၇၆၆၄၆၇၆ | ၃၇၇၉၇၅ |
| ၈။ | တောင်ကိုရီးယား | ၁၇၈၆၁၇၄၄ | ၁၇၂၁၄၁၀၇ | ၂၃၈၀၂ |
| ၉။ | အီတလီ | ၁၇၁၁၆၅၅၀ | ၁၅၉၈၃၆၅၅ | ၁၆၅၄၉၄ |
| ၁၀။ | တူရကီ | ၁၅၀၅၇၁၈၄ | ၁၄၉၅၅၀၀၅ | ၉၈၉၁၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၀၁၇၉၆ | ၉၃၇၃၂၉၄ | ၄၃၀၇၂ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၁၅၃၂ | ၅၈၉၁၁၉၀ | ၁၅၆၄၉၈ |
| ၃။ | မလေးရှား | ၄၄၈၁၂၇၈ | ၄၄၁၅၁၄၆ | ၃၅၆၂၃ |
| ၄။ | ထိုင်း | ၄၃၈၈၆၁၀ | ၄၂၉၈၁၃၂ | ၂၉၅၉၈ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၈၂၉၂ | ၃၆၂၅၄၀၇ | ၆၀၄၅၈ |
| ၆။ | စင်ကာပူ | ၁၂၄၇၆၇၁ | ၁၁၇၃၂၁၅ | ၁၃၆၇ |
| ၇။ | မြန်မာ | ၆၁၃၁၈၂ | ၅၉၂၁၃၀ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၅၅၃ | ၂၀၈၃၄၄ | ၇၅၄ |
| ၉။ | ဘရူနိုင်း | ၁၄၅၅၂၁ | ၁၄၃၄၇၇ | ၂၂၁ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၉၈ | ၃၀၅၆ |

## တရုတ်နိုင်ငံမှလှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အီကွေဒေါနိုင်ငံ ထပ်မံလက်ခံရရှိ

**ကွီတို မေ ၁၈**

အီကွေဒေါနိုင်ငံသည် တရုတ်နိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို မေ ၁၇ ရက်တွင် ထပ်မံလက်ခံရရှိခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတစ်ရပ်အရသိရသည်။

**တက်ရောက်**

အီကွေဒေါနိုင်ငံ၏မြို့တော် ကွီတိုရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည့် အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ အီကွေဒေါနိုင်ငံ ဒုတိယသမ္မတ အယ်လ်ဖရက်ဒိုဘော်ရီရို၊ နိုင်ငံခြားရေးဝန်ကြီး ဂျူအန်ကာလို့စ်ဟိုလ်ဂူအင်၊ အီကွေဒေါ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မိုရီရာနှင့် အီကွေဒေါနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ကွိယိုးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အီကွေဒေါနိုင်ငံသည် လက်ရှိတွင် တရုတ်နိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၅ သန်းအထိ လက်ခံရရှိခဲ့ကြောင်း အီကွေဒေါနိုင်ငံ ဒုတိယသမ္မတ အယ်လ်ဖရက်ဒိုဘော်ရီရိုက ပြောကြားခဲ့သည်။

ယခု တရုတ်နိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အီကွေဒေါနိုင်ငံအတွင်းရှိ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးငယ်များအတွက် အသုံးပြုသွားမည် ဖြစ်ကြောင်းလည်း အီကွေဒေါနိုင်ငံခြားရေးဝန်ကြီး ဟိုလ်ဂူအင်က ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လက်ရှိတွင် အီကွေဒေါပြည်သူ ၁၃ ဒသမ ၉ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**




## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၆၉ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၁၈**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၆၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၄၈၁၂၇၈၀ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် သုံးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၁၄၆၆ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း သုံးဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၆၂၃ ဦး ရှိလာပြီ ဖြစ်သည်။

သို့သော် လူနာ ၁၈၃၆ ဦးရောဂါမှ ပြန်လည် ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၄၁၅၁၄၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၀၅၀၉ ဦးရှိပြီး ၎င်းတို့အနက် ၃၆ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၁၇ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၄ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၂ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးထပ်ဆောင်း ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၂၉ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ မေ ၁၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၂၉ ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၁၂၇၁၉၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၃ ဦးထပ်မံ သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၂၉၃ ဦးရှိကြောင်း သိရသည်။

**ရောဂါမှပြန်လည်သက်သာ**

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၅၆၄၇ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၄၉ ဦး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားကြရာ ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၄၂၅၈၇၂၅၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်၌ ဆောက်လုပ်ဆဲအဆောက်အအုံ၏ အုတ်တံတိုင်းတစ်ခုပြိုကျ၊ အနည်းဆုံး ၁၂ ဦးသေဆုံး

**နယူးဒေလီ မေ ၁၈**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ အုတ်တံတိုင်းတစ်ခုပြိုကျခဲ့ရာ ၁၂ ဦး အနည်းဆုံးသေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဂူဂျာရတ်ပြည်နယ် မော်ဘီစီရင်စုရှိ တည်ဆောက်ဆဲအဆောက်အအုံတစ်ခု၏ အုတ်တံတိုင်း ရုတ်တရက်ပြိုကျခြင်းဖြစ်ကြောင်းနှင့် သေဆုံးသူများသည် အမျိုးသမီး ငါးဦးနှင့် အမျိုးသား ခုနစ်ဦးတို့ဖြစ်ကြောင်း ရဲအရာရှိများက အတည်ပြုပြောကြားသည်။

ထို့ပြင် သေဆုံးသူများသည် ဆောက်လုပ်ရေးလုပ်သားများ ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်၌ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးကုသမှုခံယူရန် နီးစပ်ရာဆေးရုံသို့ ပို့ထားကြောင်း သိရသည်။

သေဆုံးသူများ၏မိသားစုဝင်များနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း ဝန်ကြီးချုပ်မိုဒီက ၎င်း၏တွစ်တာစာမျက်နှာတွင် ဖော်ပြထားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## အမေရိကန်နိုင်ငံ၌ ကလေး ၁၃ ဒသမ ၂ သန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံနေရ

**လော့စ်အိန်ဂျလိစ် မေ ၁၈**

အမေရိကန်နိုင်ငံ၌ လက်ရှိအချိန်တွင် ကလေး ၁၃ ဒသမ ၂ သန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရကြောင်း အမေရိကန်နိုင်ငံ ကလေးအထူးကုနှင့် ကလေးဆေးရုံများအကယ်ဒမီမှ မှတ်တမ်းများအရ သိရသည်။

မေ ၁၂ ရက်အထိ ကလေး ၉၃၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ၎င်းအရေအတွက်သည် မေ ၁၂ ရက် မတိုင်မီ လွန်ခဲ့သည့် သီတင်းနှစ်ပတ်ကထက် ၇၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။

ယခုနှစ်အတွင်း ယခင်နှစ်ကထက် ကလေးများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ၅ ဒသမ ၃ သန်းပိုမိုများပြားလာကြောင်း သိရသည်။ ကလေးငယ်များ ကိုဗစ်-၁၉ ကူးစက်ခံရမှုနှင့်ပတ်သက်ပြီး ပိုမိုတိကျသည့် အချက်အလက်များကောက်ယူရန် လိုအပ်နေပြီး ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများကြောင့် ကလေးများတွင် မည်မျှရောဂါ ပြင်းထန်စွာဖြစ်ပွားနိုင်ကြောင်း၊ ကလေးများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် အကျိုးသက်ရောက်မှုများရှိလာသည်ကို ဖြေရှင်းဆောင်ရွက်ရန်လိုအပ်ကြောင်း အမေရိကန်နိုင်ငံ ကလေးအထူးကုနှင့် ကလေးဆေးရုံများ အကယ်ဒမီက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## တရုတ်နိုင်ငံ၏ ဂြိုဟ်တုဆက်သွယ်ရေးလုပ်ငန်းမှ အမြတ်ငွေတရုတ်ယွမ် ၄၆၉ ဘီလီယံရရှိခဲ့

**ပေကျင်း မေ ၁၈**

တရုတ်နိုင်ငံ၏ ဂြိုဟ်တုဆက်သွယ်ရေးလုပ်ငန်းသည် အမြတ်ငွေတရုတ်ယွမ် ၄၆၉ ဘီလီယံရရှိခဲ့ပြီး ယင်းပမာဏသည် ယမန်နှစ်ကထက် ၁၆ ဒသမ ၃ ရာခိုင်နှုန်းပိုမိုများပြားခဲ့ကြောင်း အဆိုပါလုပ်ငန်းမှ ထုတ်ပြန်သည့် အစီရင်ခံစာအရသိရသည်။

တရုတ်နိုင်ငံသည် နိုင်ငံတကာဂြိုဟ်တုဆက်သွယ်ရေးလုပ်ငန်းတွင် ထိပ်တန်းနေရာမှရပ်တည်နေပြီး အက်ပလီကေးရှင်းပေါင်း ၉၈၀၀၀ ကို တီထွင်နိုင်ခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံဂြိုဟ်တုဆက်သွယ်ရေးလုပ်ငန်းမှ တီထွင်ထုတ်လုပ်သည့် ဘီဒူးအက်ပလီကေးရှင်းကို စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများ၏နေ့စဉ်လူနေမှုဘဝများတွင် ကျယ်ပြန့်စွာအသုံးပြုလျက်ရှိကြောင်း တရုတ်နိုင်ငံဂြိုဟ်တုဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူဆန်ဇုလိုင်က ပြောကြားသည်။ တရုတ်နိုင်ငံရှိမြို့ကြီး ၄၅၀ မှ ဒေသခံ ငါးသန်းခန့်သည် စက်ဘီးငှားရမ်းစီးနင်းရာတွင် အဆိုပါဘီဒူးအက်ပလီကေးရှင်းအား အသုံးပြုကြကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၅၇၀ ထပ်မံတွေ့ရှိ

**ဝယ်လင်တန် မေ ၁၈**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၅၇၀ ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ရှစ်ဦးထပ်မံသေဆုံးခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၃၂၉၇ ဦးသည် နိုင်ငံ၏အကြီးဆုံးမြို့ဖြစ်သည့် အော့ကလန်မြို့မှဖြစ်ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် နယူးဇီလန်နိုင်ငံ၌ အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသူများအပါအဝင် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူ ၄၂၅ ဦး ရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုစတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၆၆၀၆၂ ဦးရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံသည် ခရီးသွားအားလုံးနှင့် ပြည်ဝင်ခွင့်ဗီဇာကိုင်ဆောင်ထားသူများအားလုံးအတွက် နယ်စပ်ဒေသများကို ဇူလိုင် ၃၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် နေအိမ်၌ သီးသန့်ခွဲထားစောင့်ကြည့်မှုခံယူလျက်ရှိသည့် နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေး ဦးတည်ချက် တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင်အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

အနာဂတ်၏ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာသင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့် ကာလများကို လစာမဲ့ခွင့်အဖြစ်သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၄၈/၆) တောင်ပေါ်လမ်းထိပ်အနီး၌ တရားမဝင်သစ်မျိုးစုံ ၄ ဒသမ ၅၅၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၃၈၈၈)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၀၃၈၈၈)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ) ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ပြီး လေးနှစ်ကျော်လွန်ပြီးသည်အထိ လာရောက်ထုတ်ယူခြင်းမရှိသော Nissan Caravan အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၃၅၀၀၀)နှင့် Honda အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၄၆၂၅၀) ကိုလည်းကောင်း၊ မေ ၁၇ ရက်တွင် သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၆၄၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၇၄၅၂၅၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၄၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင်သစ်မျိုးစုံ ၇ ဒသမ ၇၈၆၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၆၉၇၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ်(၄/၃)၊(၄/၄)နှင့် ဒိုက်ဦး-စစ်တောင်းကားလမ်း မိုင်တိုင်အမှတ် (၅/၀)တို့၌ လိုင်စင်မဲ့ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၃၆၉၇၀)** ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ) ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိသည့် လူသုံးကုန်ပစ္စည်းများ။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကသာမြို့နယ်အတွင်း တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၃၆၇၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၁၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့် မြောင်းမြမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၉ ဒသမ ၀၈၁၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၅၆၉၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ **အမှုတွဲ (၁၅) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၆၇၅၉၀၆)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၅-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | ဒီမိုကရေစီဆိုသည်မှာ |
| ၀၉:၁၀ | NRC အစီအစဉ် 'ဗဟာ' 'ပုဂံနှင့်ယွန်းထည်' |
| ၀၉:၃၅ | မြန်မာ့ကျောက်စိမ်း |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၂:၃၀ | MRTV National News |
| ၁၂:၅၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၁၆:၄၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၇:၁၀ | Soccer View |
| ၁၇:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | SEA Games Vietnam (Highlights) |
| ၁၈:၄၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၀ | ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ် စုံစမ်းထောက်ထုတ်' (အပိုင်း-၂၀) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun) |
| 07:10 | Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato |
| 07:29 | Ecotourism: Shameka Taw Ya Monastery and Dolphin Community Lodge |
| 07:39 | Paper Products... Plain but Pretty |
| 08:01 | Discovering Tribes: Yin Net Tribe - Their Life and Customs |
| 08:28 | Insight Myanmar: Parenting & Child Development (Part-2) |
| 08:49 | Between the Beaches: Chaung Tha Vs Ngwe Saung |
| 09:01 | News |
| 09:27 | Alms Bowl |
| 09:46 | A Way of Life: Karate-do |
| 10:02 | Myanmar Masterclass: Impressionism |

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
လျှာလည်သွားစေမယ့်ခရုသုပ်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စာပေအမြုတေ

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းအမျိုးသားပန်းတောင်ဇလပ်

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၆)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဆေးတံအစရှာလွတ်က

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ထိန်းသိမ်းစို့လေ ရိုးရာအမွေ (ရထားဆွဲပွဲ)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
အလှမှာယဉ်သေးဖက်ဝင်တဲ့ တရုတ်စကားပွင့်

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝညီနောင်တို့ရဲ့ သီးခြားကမ္ဘာလေးဆီသို့

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခေါင်လန်ဖူးအလွန်မှ ဒီးလာဝါဇီကျေးရွာသို့

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၅)

**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | တကယ်စွမ်းတဲ့ MYANCOPHARM |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၂၀ | သတင်းသမားပြောတဲ့သတင်းစကား |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ယုန်ကမတိုးဗိုက်ကတိုး' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈) |
| ၁၁:၀၀ | Election Japan |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၈) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | မျိုးစေ့ပြပွဲမှသည် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆီ |
| ၀၇:၀၀ | ဈေးကွက်ဒိုင်မာဝင်ငွေကောင်းဖို့ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်စို့ |
| ၀၈:၅၀ | ကုန်းမြင့်ထက်မှာပွင့်သောပန်းများလန်းစေရာ |
| ၀၉:၁၅ | တောင်သူအကျိုးမြှင့်ဖို့ရာ ရိတ်သိမ်းချိန်လွန်နည်းပညာ |
| ၀၉:၂၀ | မုန့်ဖတ်ခြောက်အကြောင်းသိကောင်းစရာ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို ဝဒနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၇၅ | ၂၂၆၅ | ၂၂၄၀ | ၂၃၃၅ | ၂၃၅၀ | ၂၂၄၅ | ၂၂၅၅ | ၂၂၉၀ | ၂၂၉၀ | ၂၂၉၅ | ၂၅၁၅ | ၂၄၃၀ |
| 95 Ron | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၃၅ | ၂၃၁၅ | ၂၄၀၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၅ | ၂၃၆၅ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၆၀ | ၂၂၃၀ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၆၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၃၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၆၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၃၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၈၁ |
| 95 Ron | ၂၁၇၅ | ၂၂၅၂ |
| HSD (500 ppm) | ၂၀၉၄ | ၂၁၆၅ |
| HSD (50 ppm) | ၂၁၂၂ | ၂၁၉၄ |
| HSD (10 ppm) | ၂၁၂၂ | ၂၁၉၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်နေ သူဇာလွင်(ခ)သဲသဲသည် ၎င်းအသုံးပြုသည့် “Thae Thae” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဖအောင်ဝဲရပ်ကွက်နေ ရဲဖုန်းခန့်သည် ၎င်းအသုံးပြုသည့် “Yephone Khant” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြု ဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# မြန်မာတိုင်းရင်းသားပုံပြင်များ

**မင်းသက်တင်**

**အကြံကောင်းလို့ချမ်းသာရ**

“ငါ့နေရာမဟုတ်လို့ ဒီလိုဖြစ်ရတာ၊ ငါ့နေရာမှာဆိုရင် ဒီလိုမဖြစ်ဘူး”

နံ့စုတ်ငှက်ကလေးဟာ သိမ်းငှက်ရဲ့ သုတ်ချီမှုကိုခံလိုက်ရလို့ ကိုယ့်ကိုယ်ကိုယ် မြည်တွန်တောက်တီးနေတာဖြစ်တယ်။ သိမ်းငှက်ကတော့ နံ့စုတ်ငှက်ကလေးက သေရတော့မယ်ဆိုတာ သိလို့ ကြောက်လန့်တကြား အော်ဟစ်နေတယ်ပဲလို့ ထင်တာပေါ့။

“ငါ့နေရာမဟုတ်လို့ ဒီလိုဖြစ်ရတာ၊ ငါ့နေရာမှာဆိုရင် ဒီလိုမဖြစ်ဘူး”

နံ့စုတ်ငှက်ကလေးက သူ့ကိုယ်သူ အပြစ်တင်ရင်း အော်မြည်နေဆဲပဲပေါ့။ အဆက်မပြတ် အော်မြည်နေတာကြောင့် သိမ်းငှက်က စိတ်ဝင်စားလာတယ်။

“ဟေ့ကောင်၊ မင်း ဘာတွေအော်နေတာလဲ။ ငါ့ကို တောင်းပန်နေတာလား။ မရဘူးကွ၊ မရဘူး။ ငါက မင်းကို စားပစ်ရမှာပဲ”

“တောင်းပန်တာမဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေတာ။ အစာကို မက်မောမိလို့ လုံခြုံတဲ့နေရာကို သတိလစ်သွားပြီး ခုလိုခံလိုက်ရတာ။ ဒါကို ပြောနေတာ”

“ဟားဟားဟား မင်းနေရာက ဘယ်လောက်လုံခြုံလို့လဲ။ ငါ့အတောင်နဲ့ ရိုက်ပြီး ခြေသည်းနဲ့ ကုတ်လိုက်ရင် မင်းရဲ့လုံခြုံတယ်ဆိုတဲ့ နေရာကော ဘာခံနိုင်မှာလဲလို့”

“ဟေ့ သိမ်းငှက်၊ မင်းရဲ့ အတောင်ပံနဲ့ မင်းရဲ့ခြေသည်းတွေကို နည်းနည်းမှ အရေးမလုပ်တဲ့နေရာဟာ ငါ့ရဲ့နေရာပဲကွ”

နံ့စုတ်ငှက်ကတော့ကွာ သူ့ကြည့်တော့ အကောင်ပေါက်စန သေးသေးလေးနဲ့ လေလုံးကထွားရန်ကော။ သူ့ထက် အဆပေါင်းများစွာ ကြီးမားတဲ့ ငါ့လိုသိမ်းငှက်ရဲ့ အတောင်ပံကိုများ ဘယ်လိုကာကွယ်နိုင်တဲ့ နေရာရှိနိုင်မှာလဲလို့ သိမ်းငှက်ဟာ ဘဝင်မြင့်စိတ်နဲ့ အတွေးဝင်လာတာပေါ့။



“ငါ့နေရာမဟုတ်လို့ ဒီလိုဖြစ်ရတာ၊ ငါ့နေရာမှာဆိုရင် ဒီလိုမဖြစ်ဘူး”

“ဟေ့ကောင်၊ တိတ်စမ်းကွာ နားငြီးတယ်”

နံ့စုတ်ငှက်ရဲ့ မြည်တွန်တောက်တီးမှုကို သိမ်းငှက်က ဟန့်တားလိုက်ပေမယ့် နံ့စုတ်ငှက်ကတော့ မကြောက်လန့်ဘဲ ပြန်ပြောတယ်။

“ဘာလို့ တိတ်ရမှာလဲ။ ငါ့ပါးစပ်နဲ့ ငါ အော်တာပဲ”

“သေခါနီးနေတာတောင် လေက မလျှော့သေးဘူး။ ဒီအကောင်တော့ကွာ။ ဒီလောက်အပြောကြီးတဲ့ အကောင်၊ ကဲ- သွားစမ်းကွာ မင်းရဲ့လုံခြုံတယ်ဆိုတဲ့ နေရာမှာသွားနေ၊ ငါရအောင်ဖမ်းပြမယ်။ မိလို့ကတော့ ချက်ချင်းဝါးစားပစ်လိုက်မယ် ဟင်း”

သိမ်းငှက်က ပြောပြောဆိုဆို နံ့စုတ်ငှက်ကို လွှတ်ပေးလိုက်ရာ နံ့စုတ်ငှက်ကလေးဟာ မြေပြင်ကို ထိုးဆင်းသွားတော့တယ်။ မြေပြင်မှာ နွားခြေရာခွက်ကောင်းကောင်းကို ရှာဖွေတော့တယ်။

နွားခြေရာခွက်ဆိုတာ မြေပျော့နေချိန်မှာ နွားကနင်းမိတဲ့အခါ ခြေထောက်ကျွံဝင်သွားလို့ ခြေထောက်ကို ပြန်နုတ်လိုက်ချိန်မှာ အလယ်မောက်ပြီး အနားလန်နေတဲ့တွင်းအဖြစ် ကျန်နေခဲ့တယ်။ နွေကာလရောက်တဲ့အခါ မြေကခြောက်သွားပြီး မာကျောလာတော့တာပေါ့။ အဲဒီလို နွားခြေရာခွက်ထဲမှာ နံ့စုတ်ငှက်၊ ဘီလုံးငှက်၊ မြေဝပ်ငှက်တို့ဟာ ဝင်ရောက်ခိုအောင်းနေလေ့ရှိတယ်ကွယ့်။

“ဟေ့ သိမ်းငှက်၊ ဒီနေရာဟာ ငါ့နေရာပဲ။ မင်းလိုကောင်မျိုး တစ်ကောင်မဟုတ်ဘူး၊ ဆယ်ကောင်လာလည်း ကြောက်စရာမရှိဘူး၊ မင်းသာ သေသွားမယ် မှတ်ထားဟေ့”

နံ့စုတ်ငှက်ကလေးဟာ စိတ်ကြိုက်နွားခြေရာခွက်ကိုတွေ့ရှိပြီး နွားခြေရာခွက်ရဲ့ ထိပ်က ချွန်ထက်နေတဲ့ မြေစိုင်ပေါ်မှာရပ်ကာ သိမ်းငှက်ကိုစိန်ခေါ်လိုက်တော့တယ်။

သိမ်းငှက်ကတော့ သေးငယ်လွန်းတဲ့ ပိစိကွေးနံ့စုတ်ငှက်ကို အထင်သေးပြီးသားဖြစ်လို့ ဂရုမစိုက်ဘူးပေါ့။ မလေးမစားနဲ့ စိန်ခေါ်ခံလိုက်ရလို့ ဒေါသဖြစ်ကာ ဝေဟင်ဆီ ထိုးတက်သွားပြီး အဟုန်ပြင်းစွာနဲ့ ထိုးဆင်းလာတယ်။

“အေးဆေးပါ”

နံ့စုတ်ငှက်ကလေးက နွားခြေရာခွက်ထဲကို ခုန်ဆင်းသွားတာပေါ့။ သိမ်းငှက်က သုတ်စရာ၊ ဖမ်းစရာ မတွေ့လို့ အရှိန်ကိုထိန်းရင်း လေထဲကို ထောင်တက်ကာ ပျံသွားရတယ်။

“ဘယ်လိုလဲ သိမ်းငှက်ကြီး၊ အကောင်ကြီးတယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အထင်မကြီးနဲ့နော်၊ ငါ့ရဲ့ လုံခြုံတဲ့နေရာကိုမင်းရဲ့အတောင်နဲ့ရိုက်လို့လည်း မရနိုင်ပါဘူး။ ခုတော့ ဘာများတတ်နိုင်သေးလဲ သိမ်းငှက်ကြီး”

မထီမဲ့မြင် အော်ဟစ်စိန်ခေါ်ရင်း နွားခြေရာခွက်ရဲ့ ထိပ်ပေါ်တက်ကာ နံ့စုတ်ငှက်ကလေးက ဆက်ပြောပြန်တယ်။

“သိမ်းငှက်တဲ့လား၊ ဘာသိမ်းငှက်လဲ၊ ဘာ အင်အားကြီးတာလဲ၊ အလကားပါပဲ ဟားဟားဟား”

အလှောင်ခံလိုက်ရလို့ သိမ်းငှက်ဟာ ဒေါသတကြီးနဲ့ ဝေဟင်ကိုပျံတက်သွားပြီး အဟုန်ပြင်းစွာနဲ့ ပြန်ဆင်းကာ ထိုးသုတ်လိုက်ရာ နံ့စုတ်ငှက်ကိုမမိတော့ ပိုမိုအရှိန်တင်ကာ ကြိမ်ဖန်များစွာ ထိုးသုတ်ဖို့လုပ်လို့ သိမ်းငှက်ကြီးဟာ မောပန်းလာတော့တယ်။ မမိရကောင်းလားဆိုတဲ့စိတ်ကဖိစီးပြီး အရှိန်ကို ပိုမိုမြှင့်တင်ကာ အဟုန်အပြင်းဆုံးနဲ့ ထိုးဆင်းလို့ အမိဖမ်းမယ်ပြုရာ အရှိန်ကိုမထိန်းနိုင်တော့ပဲ နွားခြေရာခွက်ရဲ့ထိပ်က ချွန်ထက်နေတဲ့မြေစိုင်နဲ့ ရင်အုပ်ကို ဆောင့်မိတော့တယ်။ သိမ်းငှက်ကြီးဟာ နေရာမှာတင်ပွဲချင်းပြီး သေဆုံးသွားရှာတယ်။

နံ့စုတ်ငှက်လည်း အသက်ချမ်းသာရာ ရသွားတော့တာပေါ့ကွယ်။ ။

# တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းများ

**တက္ကသိုလ်သျှင်ရတနာ**

**ထားဝယ်တိုင်းရင်းသားစကားထာ**

ရှေးသရောအခါက ရာမညတိုင်းဌာနေရှိ ကျေးလက်တောရွာတစ်ရွာတွင် “ဗညားနှင့်လဂွန်းအိမ်”ဟူသည့် မွန်တိုင်းရင်းသား ဆယ်ကျော်သက်လူငယ် သူငယ်ချင်းနှစ်ဦးရှိသည်။ သူတို့သည် ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစားဖြင့် လောကီ၊ လောကုတ္တရာပညာရပ်များကို သင်ယူလျက်ရှိပြီး စည်းကမ်းသေဝပ်ကာ စာကြိုးစားကြသူများဖြစ်သည်။

ရွာဦးဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ကြီးသည် မွန်တိုင်းရင်းသားဖြစ်သည်။ စာပေကျမ်းဂန်အရာမှာ ကျွမ်းကျင်နှံ့စပ်ပြီး သင်ကြားပို့ချမှုတွင်လည်း ကောင်းသတင်းဖြင့် ကျော်ကြားသည်။

ဗညားနှင့် လဂွန်းအိမ်တို့သည် အားလပ်သည့်အချိန်များတွင် ဘုန်းကြီးကျောင်း၏တောင်ဘက် မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

“လဂွန်းအိမ်ရေ ဉာဏ်စမ်းမေးဖို့ အဆင်သင့်ဖြစ်ပြီနော်” “အဆင်သင့်ဖြစ်ရင် မေးလေ သူငယ်ချင်း” ဗညား၏ပြောစကားကို လဂွန်းအိမ်ကလည်းအလိုက်သင့် ပြန်ပြောလိုက်သည်။

“မေးတော့မယ်နော်၊ ကြိုးစားဖြေပေါ့ သူငယ်ချင်းရာ အဖြေတွေက အလွယ်လေးပါပဲ။ ထားဝယ်ရိုးရာ စကားထာဉာဏ်စမ်းထဲက ရွေးဖြေမှုပဲ အဖြေမှန်မယ်နော် သူငယ်ချင်း”

“မေးမယ်ဆိုလည်း မေးပါတော့ဗညားရာ”

လဂွန်းအိမ်က စိတ်မရှည်စွာဖြင့် ပြန်ပြောလိုက်ရာ ဗညားတစ်ယောက် တဟင်းဟင်းဖြင့် သဘောကျကာ ရယ်မောနေသည်။

“မေးခွန်းမစခင် သူငယ်ချင်းကို အောက်လိုင်းပေးနေတာပါ။ ကဲ- မေးပြီကွာ။ “ဖြူဖြူပါးပါး အိမ်တိုင်းသွားဆိုတာပဲ ဖြေပေတော့ လဂွန်းအိမ်ရေ”

ဗညား၏ ဉာဏ်စမ်းမေးခွန်းအတွက် လဂွန်းအိမ်က စဉ်းစားနေသည်။ ခဏအကြာတွင် လဂွန်းအိမ်က ပြုံးပြီးဖြေလိုက်တော့သည်။

“သူငယ်ချင်းရေ အဖြေမှန်က “ငွေဒင်္ဂါး” ပေါ့ကွာ၊ ရှေးတုန်းက ငွေဒင်္ဂါးဟာ ဈေးသုံးပစ္စည်းဖြစ်လို့ ရောင်းရေးဝယ်ရေးနဲ့ ဟိုအိမ်ဒီအိမ် ရောက်ရောက်နေရတာကို ဆိုလိုတာပေါ့”

လဂွန်းအိမ်၏အဖြေစကားကို ဗညားက လက်မထောင်ပြပြီး ဆက်ပြောလိုက်သည်။ “မှန်ပါတယ် သူငယ်ချင်း။ ဒါပေမဲ့ ငါပဲ မေးခွန်း ဆက်မေးချင်သေးတယ်”

“ရပါတယ် ဗညားရာ။ မေးချင်သေးရင်မေးပေါ့။ ငါက ဖြေနိုင်မှာပဲဟာ”

လဂွန်းအိမ်က ဗညား၏ ဆန္ဒကိုဖြည့်ဆည်းပေးလိုက်ရာ ဗညားလည်း ပျော်ရွှင်သွားတော့သည်။

“ကျေးဇူးပဲ သူငယ်ချင်း၊ မင်းမေးရမယ့်အလှည့်ကို သဘောထားကြီးကြီးနဲ့ ငါ့ကိုဦးစားပေးတာ လေးစားတယ်ကွာ။ ငါ့ရဲ့မေးခွန်းက “ချောင်းလေးကောက်ကောက် ရေနောက်နောက်” ဆိုတာ ဘာကို ဆိုလိုတာလဲ”

“ရပါတယ်ဗညားရာ ငါတစ်ခါတည်းဖြေလိုက်ရင် ကောင်းပါ့မလားလို့ တွေးနေတာ။ အဖြေကတော့ အမျိုးမျိုးရှိပေမယ့် သူငယ်ချင်းလိုချင်တဲ့အဖြေက ထားဝယ်တိုင်းရင်းသားစကားထာ ဉာဏ်စမ်းတွေထဲကဆိုတော့လည်း အဲဒီအုပ်စုထဲက အဖြေကိုပဲ ဖြေပေးလိုက်မှာပေါ့။ တိကျသေချာတဲ့အဖြေက “ကျောက်ပျဉ်”ပေါ့၊ ဒါဆိုရင် အဖြေလည်းမှန်၊ သူငယ်ချင်းလည်း ကျေနပ်လောက်ရောပေါ့။ ရှင်းလင်းချက်အနေနဲ့က ကျောက်ပျဉ်ဟာ သနပ်ခါးသွေးတဲ့အခါ ဘေးပတ်လည်ကမြောင်းထဲကို သနပ်ခါးရည်နောက်နောက်တွေ စီးဆင်းသွားတာကို ဆိုလိုတာပါ”

“အဖြေကသိပ်တိကျတယ်ကွာ။ ကျေနပ်ပါတယ်။ သိပ်ကိုကျေနပ်တယ်။ သူငယ်ချင်းက စာပေတွေ အဖတ်များတော့ ဗဟုသုတကြွယ်ပြီး မှန်ကန်အောင်ဖြေနိုင်တာပေါ့၊ အားကျတယ်ကွာ”

“ဒီလောက်မြှောက်ရင် ရပါပြီကွာ။ ငါမေးရမယ့်အလှည့်ဆိုတော့ မေးခွန်းထုတ်လိုက်ပြီနော်။ “သွားတော့ခွေခွေ နေတော့စင်းစင်းဆိုတာ ဘာဖြစ်မလဲ” ဖြေပေတော့ ဗညားရေ”

လဂွန်းအိမ်၏အမေးကို ဗညားက တွေခနဲစဉ်းစားပြီး ချက်ချင်းမဖြေသေးဘဲ ဆက်ပြောသည်။

“မေးခွန်းက “သွားတော့ခွေခွေ နေတော့စင်းစင်း” ဆိုတော့ကွာ ခေါင်းခုများဖြစ်နေမလားလို့ တွေးမိသေးတယ်။ ဒါပေမဲ့ ငါ့အောက်လိုင်းပေးထားတာက ထားဝယ်တိုင်းရင်းသားစကားထာ ဉာဏ်စမ်းထဲကပဲဖြေမှ အဖြေက မှန်မယ်မဟုတ်လား”

“ဒါပေါ့ သူငယ်ချင်း၊ မေးခွန်းမမေးခင်ကတည်းက ဥပဒေသ စည်းမျဉ်းစည်းကမ်းကို သူငယ်ချင်းပဲ ထုတ်ထားတာဆိုတော့ လိုက်နာရမှာပေါ့ ဗညားရာ”

“အေးပါကွာ၊ အဖြေက “ဆံစု”ပေါ့။ အဓိပ္ပာယ်ရှင်းလင်းချက်ကတော့ အမျိုးသမီးတွေ အပြင်ကိုသွားတဲ့အခါ ဘီးဆံပတ်ဆံထုံးကို ဆံစုနဲ့ထုံးသွားလေ့ရှိတယ်။ အိမ်မှာနေတဲ့အခါမှာ ဆံစုကိုဖြေချထားတာကို ဆိုလိုတာပါပဲ”

ဗညား၏အဖြေစကားကို မှန်ကန်ကြောင်း လဂွန်းအိမ်က ပြန်ပြောလိုက်သည်။ ထိုအချိန်မှာပင် ဘုန်းကြီးကျောင်းဆီက သံချောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာရာ ဗညားနှင့် လဂွန်းအိမ်တို့နှစ်ဦးသား ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

ဝတ္ထုတို

# အာစရိယဂုဏော အနန္တော

ကောင်းစစ်လင်း

"သူငယ်ချင်းရေ ဆရာကန်တော့ပွဲ လုပ်ဖြစ်မယ်နော်၊ ရန်ကုန်ကနေ သူငယ်ချင်းတွေစုပြီး လာကြမယ်ပြောတယ်။ နင် လိုက်ခဲ့ပါလား။ မတွေ့ဖြစ်တာလည်း ကြာပြီလေ"

ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူနှင့် ဖုန်းဖြင့် စကားပြောဖြစ်ခဲ့ခြင်းဖြစ်သည်။

"အေးလေ၊ မတွေ့ဖြစ်ဆိုလည်း ဆယ်တန်းစာမေးပွဲဖြေပြီးကတည်းက ဆိုပါတော့။ နှစ်ပေါင်း မနည်းတော့ပါဘူးဟာ၊ ခုလည်း လိုက်ဖြစ်ဖို့ မလွယ်သေးပါဘူး သူငယ်ချင်းရယ်"

ကျွန်တော် ပြန်ပြောဖြစ်လိုက်သည့်စကား။ ဟုတ်ပါပေသည်။ ဆယ်တန်းစာမေးပွဲကြီးဖြေပြီးကတည်းက ရန်ကုန်ကိုထွက်လာခဲ့ခြင်းဖြစ်သည်။ ဆယ်တန်းစာမေးပွဲဖြေဆိုခဲ့သည်က ၁၉၈၄ ခုနှစ်ကနေ ယခုနှစ်ဆိုလျှင် ၃၈ နှစ်ရှိလေပြီ။ နှစ်ပေါင်းလေးဆယ်နီးပါး ကင်းကွာခဲ့ရသည့် ကျောင်းတော်ကြီးကို လွမ်းမိပါသေးတော့သည်။

"ဟဲ့- နင်၊ သန်းဦးကိုမှတ်မိလား။ မြို့မှာ နင်ကျောင်းလာတက်တုန်းက နင်နေခဲ့တဲ့ အောင်ဆန်းဦးတို့အိမ်ရဲ့ခြေရင်းအိမ်ကလေ"

"အေး၊ သိတယ်လေ သူငယ်ချင်း။ သူက ဘယ်မှာရောက်နေလဲ" "တို့မြို့က ပညာရေးမှူးရုံးမှာရှိတယ်" "ဝမ်းသာတယ် သူငယ်ချင်းရယ်။ သူ့ဖုန်းနံပါတ်လေးရရင် ငါလိုချင်တယ်။ ပို့ပေးနော် သူငယ်ချင်း"

ပြန်မရောက်ဖြစ်တော့သည့် ငယ်စဉ်က အရပ်ဒေသ၊ ကိုယ့်ဇာတိဒေသမှာ မခွဲမခွာ အလုပ်ပြန်လုပ်ခွင့်ရသော သူငယ်ချင်းများသည် ကံကောင်းကြသူများဖြစ်သည်ဟု ကျွန်တော် ခံယူထားသည်။ တစ်နယ်တစ်ကျေးမှာ ဘဝကို ရုန်းကန်ဖြတ်သန်းနေရသူများနှင့် နှိုင်းဆလျှင် ကိုယ့်ဇာတိရပ်မြေမှာ အသက်မွေးနေထိုင်ခွင့်ရကြသည်က ပိုပြီးကြည်နူးကျေနပ်စရာ၊ ပိုပြီးပျော်ရွှင်စရာကောင်းမည်မှာ သေချာသည်။

"ဟယ်လို သူငယ်ချင်းသန်းဦးလား။ ငါပါ...။ မင်းရဲ့ ဖုန်းနံပါတ်ရလို့ ဆက်လိုက်တာ။ မင်းက ပညာရေးမှူးကြီးဖြစ်နေတာလား"

ဝမ်းသာအားရ ကျွန်တော်ဖုန်းဆက်ဖြစ်လိုက်သည်။ သူငယ်ချင်းသန်းဦးက သူက ပညာရေးမှူး မဟုတ်ကြောင်း၊ ပညာရေးမှူးရုံးမှ ဝန်ထမ်းသာဖြစ်ကြောင်း ပြန်ပြောသည်။ သူနှင့်စကားပြောနေစဉ် ကျွန်တော့်အပေါ်တွင် ကျေးဇူးရှိခဲ့ဖူးသော အောင်ဆန်းဦးတို့ မိသားစုအကြောင်းကို မေးဖြစ်သည်။ အောင်ဆန်းဦး၏အစ်မဖြစ်သူ ဦးဘိုကြီးကျောင်းတွင် ဆရာမလုပ်ခဲ့သူ ဒေါ်အေးသန်းနှင့် ဦးဘိုကြီးကျောင်းဆရာကန်တော့ပွဲတွင် ဆုံဖြစ်ခဲ့ကြောင်းနှင့် ယခုလက်ရှိ ရန်ကုန်မြို့သာကေတတွင် နေထိုင်ကြောင်း သိလိုက်ရသည်။

"သန်းဦးရေ ဒေါ်အေးသန်းရဲ့ လိပ်စာအတိအကျ သိချင်တယ်သူငယ်ချင်းရယ်။ ဆယ်တန်းတက်တုန်းက ကျေးဇူးတွေ အများကြီးရှိတယ်ကွာ။ တွေ့ချင်လိုက်တာ။ ကန်တော့ချင်လိုက်တာ သူငယ်ချင်းရာ။ ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်လေးများရနိုင်ရင် ရှာပေးပါလားကွာ"

ကျွန်တော် ပြောဖြစ်လိုက်သည့်စကား။ သူငယ်ချင်းသန်းဦးက ဖုန်းနံပါတ်ရှာပေးမည်ဟု ပြန်ပြောသဖြင့် ဝမ်းသာရသည်။

သူငယ်ချင်းဖြစ်သူ နိုင်နိုင်မျိုးကိုလည်း လူမှုကွန်ရက်မှ ပြန်တွေ့ရခြင်းဖြစ်သည်။ သူက ငယ်ရုပ်မပျောက်သေးသဖြင့် မှတ်မိခြင်းသာ။ မက်ဆင်ဂျာမှပင် စကားလက်ဆုံကျဖြစ်သည်။ သူသည်ပင် သားနှစ်ယောက် မိခင်ဖြစ်နေပြီး သားတွေက အရွယ်ရောက်နေကြပြီဖြစ်သည်။ သူသည်လည်း ကိုယ့်ဇာတိမြို့ရှိ ဘဏ်တစ်ခုတွင် အရာရှိကြီးဖြစ်နေပေပြီ။

"သူငယ်ချင်း နင်က ငယ်ရုပ်မပျောက်သေးဘူးနော်။ အဲဒါကြောင့် နင့်ကို ငါမှတ်မိသွားတာ" "ဒါဆို ငါက ငယ်ငယ်တုန်းကလို ချောတုန်းပေါ့နော်" "ဟုတ်ပါ့ဗျာ ဟုတ်ပါ့။ ကဲ- ကျေနပ်တယ်မဟုတ်လား"

ကျွန်တော်တို့နှစ်ယောက် စကားပြောရင်း ပေါ့ပေါ့ပါးပါးရယ်မောဖြစ်ကြသည်။ ကျောင်းနေဖက် သူငယ်ချင်းအချင်းချင်း ပြန်လည်စကားပြောရသည်မှာ အားရပျော်ရွှင်ကျေနပ်လန်းဆန်းရပေသည်။

"သူငယ်ချင်း ငါ့ကိုမှတ်မိလား"

လွန်ခဲ့သည့် သုံးလေးနှစ်ခန့်က ကျွန်တော်တို့၏ ၈၄ ခုနှစ် ဆယ်တန်းကျောင်းသားဟောင်းများအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ကိုဇော်လေးက တစ်ညတွင် ဆရာကန်တော့ပွဲ အလှူငွေလက်ခံရန် ကျွန်တော်၏ အလုပ်တိုက်သို့ရောက်လာရာ အဖော်ပါလာသည့် ကျောင်းနေဖက်နှစ်ဦးမှ တစ်ဦးကမေးလာခြင်းဖြစ်ရာ ကျွန်တော်ချက်ချင်း မှတ်မိလိုက်သည်။

"ဥမ္မာကျော်မဟုတ်လား၊ မြားနတ်မောင်ဆေးတိုက်ကလေ"

သူငယ်ချင်းဥမ္မာကျော်က အံ့ဩသွားပုံရသည်။ သူက ကျွန်တော်နှင့် ဆယ်တန်း(ဘီ)အခန်းတွင် အတူတက်ခဲ့သူ၊ တစ်ကျောင်းလုံးရှိ ပေါ်လွင်ထင်ရှားသည့်စာရင်းတွင် သူပါဝင်နေခြင်းကြောင့် မှတ်မိနေခြင်းလည်းဖြစ်သည်။ ကျောင်းတက်ခဲ့စဉ်က ကျွန်တော်နှင့် စကားပင်ပြောဖြစ်ခဲ့မည်မထင်။

သူဆင်းရဲ တောသားလေးတစ်ယောက်ဖြစ်၍ သူငယ်ချင်းလည်း ဟုတ်တိပတ်တိမရှိခဲ့ပေ။ စာသင်ခန်းအတွင်း ခုံချင်းကပ်ထိုင်ဖြစ်သူ ထွန်းဝဏ္ဏနှင့်သာ ပေါင်းဖြစ်သည်။ သူသည်လည်း ယခုအချိန်၌ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်တွင် နေထိုင်ကာ သူ့ဖခင်၏အလုပ်ကို အမွေဆက်ခံထားသည်။ ကျောင်းနေဖက်သူငယ်ချင်းများသည် အရွယ်ရလာကြသည်နှင့်အမျှ ချမ်းသာသူ၊ ရာထူးကြီးများရှိလာသူစသည်ဖြင့် အမျိုးမျိုးရှိကြသည့်တိုင် ပြန်တွေ့ကြသည့်အခါ နွေးထွေးဖော်ရွေစွာ ဆက်ဆံကြမှုကြောင့် ရင်ကိုအေးမြစေသည်။

"သူငယ်ချင်းရေ၊ ဆရာမက မင်းကို သိပ်မှတ်မိပုံမရဘူး" ကျွန်တော့်ကိုပြန်ပြောပြသည့် ကိုဇော်လေးအား ခေါင်းညိတ်၍သာ ကျေနပ်လိုက်ပါသည်။ ကျွန်တော်၏အတန်းပိုင်ဆရာမ ဒေါ်အုံးမြိုင်အနေဖြင့် နှစ်ပေါင်းလေးဆယ်နီးပါး ပြန်မတွေ့ဖြစ်တော့သည့် တပည့်တစ်ယောက်ကို အဘယ်မှာမှတ်မိနိုင်ပါမည်နည်း။ ကျောင်းတက်စဉ်က ဆင်းရဲသား ကျောင်းသားလေးတစ်ယောက်အတွက် စတိုင်ပင်ရရှိရေး ကြိုးစားပေးခဲ့သည့် ကျေးဇူးရှင်ဆရာမကို အဝေးကသာ လက်အုပ်ချီမိုး ကန်တော့လိုက်ပါသည်။

ယခုလဆန်းပိုင်းက ရန်ကုန်ရောက် သူငယ်ချင်းများ ဇာတိမြို့သို့ပြန်ကာ ဆရာကန်တော့ပွဲကျင်းပနိုင်ခဲ့ကြသည်။ ရန်ကုန်မြို့တွင် ရောက်ရှိနေထိုင်ကြသည့် ဆရာ ဆရာမတို့ကိုလည်း အိမ်တိုင်ရာရောက် လိုက်လံကန်တော့ပေးကြသည်။ လူမှုရေးစိတ်အပြည့်အဝဖြင့် ဦးဆောင်ဦးရွက်ပြုပေးကြသော ကိုဇော်လေး၊ မဥမ္မာကျော်နှင့် ကျန်သူငယ်ချင်းများအားလုံးကို အားကျဂုဏ်ယူကာ မုဒိတာပွားပြီး ကျေးဇူးလည်း တင်မိသည်။

"အာစရိယဂုဏော အနန္တော" ဟူသည့် မြတ်ဆရာပူဇော်ပွဲသည် ကမ္ဘာတစ်ခွင်၌ မြန်မာတစ်နိုင်ငံတည်းသာရှိသည့် ယဉ်ကျေးမှုတစ်ရပ်လည်းဖြစ်သည်။ ဆရာကန်တော့ပွဲကိစ္စများကို သူငယ်ချင်းများနှင့် ပြောဖြစ်သည့်အခါတိုင်း မူလတန်းအရွယ်က ပညာသင်ကြားပေးခဲ့သည့် ငယ်ဆရာဖြစ်သော ကျွန်တော်တို့ရွာက ဆရာဦးလှထွန်းကိုလည်း လက်ဆယ်ဖြာဦးထိပ်ပန်ဆင်ကာ ရှိခိုးကန်တော့လိုက်မိပါသည်။ မြတ်ဆရာအပေါင်းအား ပူဇော်ကန်တော့ခြင်းသည် မြတ်စွာဘုရားဟောကြားတော်မူသည့် မင်္ဂလာတရားတော်နှင့်လည်း ညီညွတ်ပါပေသည်။

"ဆရာသမားတွေအားလုံးကို ကိုယ်ထိလက်ရောက် ကန်တော့နိုင်အောင် ကြိုးစားရဦးမှာပေါ့ သူငယ်ချင်းရယ်"

သူငယ်ချင်းဖြစ်သူ ကိုဇော်လေးကို ပြန်ပြောဖြစ်ခဲ့သည့် ကျွန်တော်၏စကားပင်ဖြစ်သည်။ တကယ်ကိုပင် မြတ်ဆရာအားလုံးအား ကိုယ်တိုင်ကိုယ်ကျ လက်ဆယ်ဖြာဦးထိပ်ပန်ဆင်ကာ ကန်တော့လိုက်ချင်ပါသေးသည်။ ယခုတော့...။

"စိတ်မှရည်မှန်းကာ ဦးချကန်တော့လိုက်ရပါတယ် မြတ်ဆရာအပေါင်းတို့ခင်ဗျား"

# ဆလုံတိုင်းရင်းသားလူမှုဘဝ

မနုဿဝင်းမော်

## စိတ်သဘောထားနှင့်အစားအစာ

ဆလုံတိုင်းရင်းသားတို့သည် စိတ်သဘောထား ရိုးသားဖြူစင်သူများဖြစ်ပြီး အလုပ်လည်းကြိုးစားကြသူများဖြစ်သည်။ အလုပ်ကို အားသွန်ခွန်စိုက် လုပ်ကိုင်လေ့ရှိကာ ပျင်းရိခြင်းမရှိကြကြောင်း သိရသည်။

ဆလုံတိုင်းရင်းသားသွေးချင်းတို့၏ ပင်ကိုစိတ်ထားမှာ ရိုးသားလွန်းကြသည်။ သိမ်မွေ့နူးညံ့ ဖော်ရွေကြသည်။ နှမြောတွန့်တိုမှုမရှိဘဲ ရောင့်ရဲတင်းတိမ်မှုရှိကြသည်။ သူတစ်ပါးအား ရန်လိုစိတ်မရှိဘဲ ကြောက်ရွံ့တတ်ကြသည်။ သီးသီးခြားခြား အေးဆေးစွာနေလိုသော စိတ်သဘောထားရှိကြသူများဖြစ်သည်။

ဆလုံတိုင်းရင်းသားတို့သည် ပင်လယ်ပြင်နှင့် ပင်လယ်ရှိကျွန်းများပေါ်တွင် လှည့်လည်သွားလာ နေထိုင်ကြသောဓလေ့မျိုးဖြင့် ဘဝကိုရှင်သန်ဖြတ်သန်းကြသူများဖြစ်ရာ အစားအစာများမှာလည်း ပင်လယ်မှရသော အစားအစာများနှင့် ကျွန်းများပေါ်မှရရှိသော အစားအစာများသာ ဖြစ်ပေသည်။

ယခုနောက်ပိုင်းတွင် ကူးသန်းရောင်းဝယ်မှုများ ထွန်းကားလာသဖြင့် "ထမင်း"ကို အဓိကထားကာ စားလာကြတော့သည်။ ထမင်းစားရာတွင် မနက်မိုးလင်းတစ်ကြိမ်၊ နေမွန်းမတည့်မီ တစ်ကြိမ်၊ ညမိုးချုပ်တွင်တစ်ကြိမ် တစ်နေ့လျှင် သုံးကြိမ်၊ လေးကြိမ်ခန့် စားလာကြသည်။

ရှေးယခင်ကာလများက ဆန်ရှားပါးမှုကြောင့် ဆလုံတိုင်းရင်းသားတို့မှာ ကျွန်းများပေါ်မှရရှိသော "ဆလုံ အခေါ် လအန်း၊ ဘူဘွန်း၊ ကျွေးဥများ၊ ကျောက်ဆောင်များတွင် တွယ်ကပ်နေသည့် ခရင်းများ၊



ဆလုံတိုင်းရင်းသားရိုးရာထမင်းဝိုင်း။

ပင်လယ်မှရရှိသော ခရုများ၊ ကမာကောင်များ၊ ငါးများ" ကိုသာ စားသုံးလေ့ရှိသည်။

ထို့အပြင် အရှည်ရှစ်လက်မခန့်ရှိကာ လုံးပတ်မှာ လက်ညှိုးလုံးခန့်ရှိသည့် "တီကောင်" ပုံသဏ္ဌာန်မျိုးရှိသော "သဲပလုပ်ကောင်"ကို အစိမ်းလိုက်ဖြစ်စေ၊ လက်သုပ်သုပ်၍ဖြစ်စေ၊ ချက်ပြုတ်ကြော်လှော်၍ဖြစ်စေ စားကြပြီး ရေစစ်ချိန်တွင်မှရရှိသော တအမ်း ခေါ် ရေဖြူးကောင်ကို အစိမ်းလိုက်ဖြစ်စေ၊ ကြော်လှော်၍ဖြစ်စေ အမျိုးမျိုးပြုလုပ် စားသောက်ကြသည်။

ဆလုံတိုင်းရင်းသားတို့၏ ဟင်းလျာများအဖြစ် ခရင်းကို အစိမ်းလိုက်ဖြစ်စေ၊ သုပ်၍ဖြစ်စေ၊ ရွှေဖရုံသီးနှင့် ရောနှောကြော်လှော်၍ဖြစ်စေ၊ ဂဏန်းကို ဟင်းချိုချက်၍ဖြစ်စေ၊ ပင္ဂူ ခေါ် ကျောက်ပိုးကို သုပ်၍ဖြစ်စေ၊ အကန်း ခေါ် ငါးကို အကောင်လိုက်ကင်၍ဖြစ်စေ၊ ငါးကို ပအုန်းရည် ခေါ် ထန်းရည်ချဉ်ဖြင့် ပြုတ်၍ဖြစ်စေ၊ ကနစိုသီးနှင့် ဆင်တူသည့် ကသွပ်သီး ခေါ် အချဉ်သီးနှင့် ပုစွန်ငါးပိထောင်း၍ဖြစ်စေ စားလေ့ရှိကြောင်း "ဆလုံတိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝ" သမိုင်းမှတ်တမ်းများအရ သိရသည်။

ဆလုံတိုင်းရင်းသားတို့သည် ကျွန်းပေါ်တွင်နေချိန်များ၌ ကုန်းလိပ်၊ ရေလိပ်၊ လိပ်ဥများနှင့် မျောက်တို့ကို ဟင်းစားအဖြစ် ရှာဖွေကာ ချက်ပြုတ်စားကြသည်။ ပင်လယ်ကမ်းစပ်နှင့် မနီးမဝေးရှိ ရေအနက် သုံးလံ၊ လေးလံခန့်နေရာများတွင် ရေငုပ်ပြီးဖမ်းရသည့် နုန်းမျှော့၊ ဘဂျီမျှော့၊ မျှော့ဖြူ၊ မျှော့နီ၊ ဝက်မျှော့၊ ကင်းမျှော့တို့ကို ပြုတ်ပြီး ကျပ်တင်အခြောက်လှန်းကာ စားကြသည်။ ထို့အပြင် တောထဲမှရသော အသီးအရွက်များကိုလည်း ငါးနှင့်ရော၍ဖြစ်စေ၊ ကျွေးဥတူး၍ဖြစ်စေ၊ သဘော်သီးကို အခြောက်လှန်း၍ဖြစ်စေ၊ ငါးကို အခြောက်လှန်း၍ဖြစ်စေ စားသုံးကြလေ့ရှိသည်။

မိုးရာသီကာလရောက်သောအခါ ဆန်ကိုဝယ်ယူစားသုံးရန် မလွယ်ကူသောအချိန်၌ ကျွန်းများပေါ်တွင် ပေါက်နေသည့် ကျွေးပင်မှ ကျွေးဥကို ထမင်းအဖြစ်ချက်၍လည်းကောင်း၊ ကျွေးဥကို ဓားဖြင့် ပါးပါးလှီးကာ အစေးများထွက်သွားစေရန် ဆားငန်ရည်တွင် တစ်ညစိမ်ပြီးမှ ထမင်းကဲ့သို့ချက်၍လည်းကောင်း စားကြကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ယင်းတို့သည် ဆလုံတိုင်းရင်းသားတို့၏ စိတ်နေသဘောထားနှင့် အစားအစာများသာဖြစ်ပြီး ယခုအချိန်တွင် ကူးလူးဆက်ဆံရာဒေသနှင့် လူနေမှုဘဝများ တိုးတက်ပြောင်းလဲလာမှုများအရ အစားအစာများမှာလည်း တိုးတက်ပြောင်းလဲမှုများ ရှိလာမည်ဖြစ်ပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ဒေါ်မူယာ အဖြေပေးသည်။

"ကျွန်မ သူ့ပစ္စည်းကလေးတွေကို ရွေးချင်တယ်။ အတိုးကို ဒေါ်ဒေါ်တို့ ကြိုက်သလောက်ယူပါ။ ကျွန်မ အနေနဲ့ ပစ္စည်းပြန်ရရင်ပဲတော်ပါပြီ"

"အဲဒါကို တင်တင်ရီ့လက်ထဲ ပြန်ထည့်ပေးမှာလား"

"ဒါပေါ့။ ကျွန်မအတွက်ဆိုရင် ဘာသွားလုပ်မှာလဲ"

"ကဲ သူဇာ ရှာကြည့်လိုက်ပါဦးအေ၊ တွေ့လို တွေ့ငြား"

ဒေါ်သူဇာ ထိုင်ရာမှထသည်။ အခန်းတစ်ခု အတွင်းဝင်သည်။

ယင်းအခိုက် ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ဗိုလ်မှူးညိုထွန်းတို့ အကြည့်ချင်းဆုံမိကြသည်။ ဗိုလ်မှူးညိုထွန်းမှာ ဒေါ်ရေနံ့သာခင်ခင်ကြီးလုပ်သမျှ တိုင်းကို စိတ်ဝင်စားဖွယ်ကိစ္စရပ်ချည်းဖြစ်သည် ဟူသောသဘောဖြင့် စူးစိုက်ကြည့်နေသည်။ ဘာမျှ လည်းဝင်မပြော။ ကန့်ကွက်ခြင်းလည်းမရှိ။

ဒေါ်သူဇာ ပြန်ထွက်လာသည်။ လက်မှာ ဆွဲကြိုးတစ်ကုံးပါလာသည်။

"ဒါပဲကျန်တော့တယ်ထင်တာပဲ။ ကြာတော့ အမေ့မေ့အလျော့လျော့လည်း ဖြစ်ကုန်ပါပြီ။ ဒီဥစ္စာကလေး မှတ်မိနေတာတောင် လော့ကတ်သီးကလေးကြောင့်။ ကြည့်စမ်း၊ လော့ကတ်သီးကလေးက မဆန်းလား။ ချယားသီးပုံကလေး။ အသေအချာကြည့်ရင် ပန်းကလေးတွေ ဖော်ထားတာတွေ့ရမှာပဲ"

ဒေါ်သူဇာက ဒေါ်ရေနံ့သာခင်ခင်ကြီးရှေ့တွင် ဆွဲကြိုးကိုယမ်းပြသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး ယူကြည့်သည်။ ဒေါ်သူဇာပြောသလိုဖြစ်ကြောင်း တွေ့ရသည်။ ကနုတ်ပန်းဖြင့် အင်္ဂလိပ်စာလုံး U ပုံသဏ္ဍာန်ဖော်ထားသည်။

"ဒါကို ဘယ်လောက်နဲ့ပေါင်ထားသလဲဟင်"

ဒေါ်ရေနံ့သာ ခင်ခင်ကြီး၏အမေးကို အဘွားကြီးများ ရုတ်တရက်မဖြေတတ်။ စဉ်းစားနေသည်။

"မှတ်တော့ မမှတ်မိတော့ဘူး။ ဒါပေမဲ့ သူက ရွှေလည်းသိပ်မများဘူးဆိုတော့ သုံးရာလောက်နဲ့ပဲ ဖြစ်ပါလိမ့်မယ်"

ဒေါ်ရေနံ့သာ ခင်ခင်ကြီး ဆွဲကြိုးကိုဆကြည့်သည်။ တကယ်တမ်းတွက်လျှင် ထိုမျှလောက်နှင့် အပေါင်မခံနိုင်ကြောင်း တွေ့ရသည်။ ဆွဲကြိုး၏ အလေးချိန်မှာ ဘာမျှမရှိ။ ရွှေအရည်ကလည်း မကောင်းလှ။

"ဒါကိုပြန်ရောင်းရင် ဘယ်လောက်ရမယ် ထင်သလဲ"

"လေးရာတော့ရမှာပါ"

ဒေါ်ရေနံ့သာခင်ခင်ကြီးသည်ကြီးမားသောရွှေရောင် လက်ပွေ့အိတ်ကို ဖွင့်လိုက်သည်။ ငွေစက္ကူတစ်ထပ်ကို နှုတ်ယူသည်။ နှစ်ဆယ်တန်ချည်းသက်သက် ရေတွက်ယူသည်။

"ကျွန်မ ငါးရာပေးခဲ့မယ် ဟုတ်လား။ ဆွဲကြိုးကို ကျွန်မယူသွားမယ်"

အဘွားကြီးများ အံ့အားသင့်နေသည်။ ဘာပြောရမည် မသိတတ်သလိုရှိသည်။ သူတို့ရှေ့မှောက်သို့ ဒေါ်ရေနံ့သာခင်ခင်ကြီးက ငွေစက္ကူများ ချပေးသည်။ ဆွဲကြိုးကိုလည်း လက်ပွေ့အိတ်အတွင်း ထည့်လိုက်လေသည်။

"တင်တင်ရီအကြောင်း ခရေစေ့တွင်းကျပြောပြတာ ကျေးဇူးတင်ပါတယ်။ ဆွဲကြိုးထုတ်ပေးတာကိုလည်း ကျေးဇူးတင်ပါတယ်။ ကဲ ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦး"

ဒေါ်ရေနံ့သာခင်ခင်ကြီး နှုတ်ဆက်စကားဆိုရင်း ထိုင်ရာမှထသည်။ ဗိုလ်မှူးညိုထွန်းပါ ရောနှော၍ ထသည်။

"ကျေးဇူးအထူးတင်နေစရာ မလိုပါဘူးကွယ်။ ဒါကိုပြောရတာနဲ့ တို့မှာ ဘာပင်ပန်းတာလိုက်လို့။ နောက်ခရီးကြုံရင်လည်း ဝင်ပါထွက်ပါ ဟုတ်လား"

အဘွားကြီးနှစ်ယောက်က ရောနှော၍ ထရင်းဆိုသည်။

အိမ်ဝရန်တာသို့ ထွက်ခဲ့ရာ သူတို့ပါ ပါလာသည်။ လှေကားမှ ဆင်းအံ့ဆဲဆဲတွင် ဒေါ်မူယာ မေးသည်။

"ဒါထက် မိန်းကလေးက မန္တလေးမှာနေတာပဲလားဟင်"

"မဟုတ်ပါဘူး ဒေါ်ဒေါ်။ ရန်ကုန်ကပါ"

"ဪ၊ နာမည်ကကော ဘယ်လိုခေါ်ပါသလဲကွယ်"

"ခင်ခင်ကြီးပါ။ ရေနံ့သာခင်ခင်ကြီးပါ"

"ဪ၊ ဪ။ ရေနံ့သာခင်ခင်ကြီးဆိုတော့ မင်းမျိုးမင်းနွယ်ထဲကထင်ပါရဲ့နော်"

ယင်းစကားကို ဒေါ်ရေနံ့သာခင်ခင်ကြီး ရယ်ပစ်လိုက်သည်။

အလွယ်နှင့်ပြီးစေရန် "ဆိုပါတော့" ဟု ရယ်ရင်းမောရင်း ပြောလိုက်သည်။ အဘွားကြီးနှစ်ယောက်မှာ လက်အုပ်ချီရတော့မလိုလို၊ ပုဆစ်တုပ်ရတော့မလိုလို ဖြစ်သွားသည်။

**"အခြေအနေတွေက အတော်ကလေးနီးစပ်သလိုဖြစ်လာပြီ အစ်ကိုထွန်း။**
**အခုအတိုင်းဆိုရင် ခင်ကြီးရဲ့ကလေးဟာ ပွဲစားဦးမောင်ကလေးတို့လက်ထဲကနေ**
**တစ်ယောက်ယောက်လက်ထဲရောက်၊**
**အဲဒီကနေ ဒီနေရာကိုရောက်လာတာမျိုးဖြစ်နိုင်တာပဲ"**
**"နန်းကိန္နရီရဲ့ ဆန်းကြယ်တဲ့အဖြစ်တွေကလည်း ကလေးဘဝက**
**အတိဒုက္ခရောက်ခဲ့တယ်။ မိဘမဲ့ဖြစ်ခဲ့တယ်ဆိုတာတွေကို ညွှန်ပြနေတာပဲ။**
**အေးလေ မျှော်လင့်ထားသလိုသာ ဖြစ်လာပါစေတော့လို့**
**အစ်ကိုထွန်း ဆုတောင်း..."**

ဤသည်ကို ဒေါ်ရေနံ့သာခင်ခင်ကြီး ဂရုမပြုမိတော့။

ဒေါ်ရေနံ့သာ ခင်ခင်ကြီးနှင့် ဗိုလ်မှူးညိုထွန်းတို့ အိမ်ပေါ်မှဆင်းသွားသည်ကို အဘွားကြီးနှစ်ယောက် စလုံးစောင့်ကြည့်နေသည်။ ကားပေါ်တက်သည်အထိ၊ အိမ်ရှေ့မှ ကားမောင်းထွက်သွားသည်အထိ မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ကြသည်။

သူတို့၏အရိပ်အသွင် ပျောက်ကွယ်သွားသည့်တိုင် အိမ်အတွင်း မဝင်ဖြစ်သေး။

ရင်ထဲမှာလည်း ဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလိုနှင့် တစ်မျိုးကြီးခံစားနေရသည်။

သို့ပေမဲ့ တစ်ခဏချင်းမှာပင် ဒေါ်သူဇာ တစ်စုံတစ်ခုကို သတိရသည်။ ချက်ချင်းဆိုသလိုပင် ဝမ်းပန်းတသာ ဖြစ်လာသည်။ အားရွှင်မြူးလာသည်။

ကြည့်စမ်း။ မေ့နေလိုက်တာ။

အရပ်ထဲမှာ ကြွားစရာသတင်းတစ်ခု ရလာပါပေါ့လား။ အေးလေ။ အရပ်ကလည်း သည်အိမ်ရှေ့မှာ ကားထိုးဆိုက်လာသည်ဆိုကတည်းက မေးလားမြန်းလား လုပ်ကြမှာမလွဲ။ ပြောရဦးမည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးဆိုသော မင်းမျိုးမင်းနွယ်ထဲက မိန်းမတစ်ယောက် မိမိတို့အိမ်သို့ရောက်လာသည့်အကြောင်း၊ ယင်းမိန်းမမှာ လွန်စွာလှပချောမောကြောင်း၊ ကျိုကျိုတက် ချမ်းသာလှကြောင်း၊ မိမိတို့နှင့် ဆွေရိပ်မျိုးရိပ်မကင်းကြောင်း၊ ငွေငါးရာ ဘတ်ခနဲကန်တော့ခဲ့ကြောင်း။

အရပ်ထဲမှာ လှုပ်လှုပ်ရွရွ ဖြစ်ဦးတော့မှာပါကလား။ အုတ်အော်သောင်းတင်း ရှိရဦးတော့မှာပါကလား။

နှစ်အတန်ကြာမျှ လှုပ်ရှားမှုကင်းမဲ့ခဲ့သော မိမိတို့၏ဘဝမှာ ပြန်လည် အသက်ဝင်လာဦးတော့မှာပါကလား။ လူတို့၏အာရုံကို ဖမ်းစားဆွဲဆောင်နိုင်ဦးတော့မှာပါကလား။

ဒေါ်သူဇာသည် သူ့အတွေးနှင့်သူ အကျေနပ်ကြီး ကျေနပ်နေလေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးမှာလည်း သူ၏အတွေးနှင့် သူကျေနပ်နေသည်။ မော်တော်ကားကို အချိန်မှန်မှန် မောင်းလာသည်။ ဗိုလ်မှူးညိုထွန်းမှာ လမ်းတစ်လျှောက်လုံး တိတ်တိတ်ဆိတ်ဆိတ် လိုက်ပါလာသည်။

အတော်ချည်းကြာလေမှ ဗိုလ်မှူးညိုထွန်းလှုပ်ရှားလာသည်။

"အခုအချိန်ကစပြီး စကားပြောလို့ ရပြီလားဟင်။ မေးခွင့်စမ်းခွင့်ရှိပြီလား"

ဗိုလ်မှူးညိုထွန်း၏အမေးကို ဒေါ်ရေနံ့သာခင်ခင်ကြီး ရယ်ပစ်လိုက်သည်။

"ရပါပြီတဲ့ရှင်။ ရပါပြီတဲ့"

သည်တွင် ဗိုလ်မှူးထွန်းက ဒေါ်သူဇာတို့နှင့် မည်သို့မည်ပုံ အဆက်အသွယ်ရခဲ့ကြောင်းမှစ၍ သူနားမရှင်းသည်တို့ကို မေးသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး စိတ်ရှည်လက်ရှည် ရှင်းပြရသည်။

"အခြေအနေတွေက အတော်ကလေးနီးစပ်သလို ဖြစ်လာပြီ အစ်ကိုထွန်း။ အခုအတိုင်းဆိုရင် ခင်ကြီးရဲ့ ကလေးဟာပွဲစားဦးမောင်ကလေးတို့လက်ထဲကနေ တစ်ယောက်ယောက်လက်ထဲရောက်၊ အဲဒီကနေ ဒီနေရာကို ရောက်လာတာမျိုး ဖြစ်နိုင်တာပဲ"

"နန်းကိန္နရီရဲ့ ဆန်းကြယ်တဲ့အဖြစ်တွေကလည်း ကလေးဘဝက အတိဒုက္ခရောက်ခဲ့တယ်။ မိဘမဲ့ ဖြစ်ခဲ့တယ်ဆိုတာတွေကို ညွှန်ပြနေတာပဲ။ အေးလေ မျှော်လင့်ထားသလိုသာ ဖြစ်လာပါစေတော့လို့ အစ်ကိုထွန်း ဆုတောင်းပါတယ်ညီမ"

ဗိုလ်မှူးညိုထွန်းသည် ဘေးတစ်စောင်းအနေအထားအရ တွေ့နေရသော ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာကို စူးစိုက်ကြည့်နေသည်။

အခြားသူများအတွက် ဒေါ်ရေနံ့သာခင်ခင်ကြီးဟူသည် အဘယ်မျှ ရင့်ရော်လာပြီဆိုစေ၊ မျက်နှာတွင် အရွယ်ထောက်လာခြင်း၏ လက္ခဏာဖြစ်သော အရေးအကြောင်းများ ပေါ်ပေါက်စပြုနေပြီဆိုစေ ဗိုလ်မှူးညိုထွန်းအဖို့ ဒေါ်ရေနံ့သာခင်ခင်ကြီးဟူသည် ပထမဆုံးအကြိမ် စတင်တွေ့ရှိစ ဥက္ကကဲ့သို့ နုပျိုဆဲဟုပင် ထင်သည်။ အိုမင်းခြင်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီးထံ ရောက်ရှိမလာနိုင်ဟု ထင်ဆဲပင်။

ယနေ့ သူ့ကိုကြည့်မြင်ရသည်မှာ ရွှင်ပျနေသည်။ မျက်နှာတွင် သွေးရောင်လွှမ်းတက်နေသည်။ မျက်လုံးကလေးများကလည်း တောက်ပနေကြသည်။

ဖြစ်နိုင်မည်ဆိုလျှင် သူ့တွင် တင်ရှိနေသမျှ အပူအပင်ဟူသမျှကို အေးချမ်းသွားအောင် ဖန်တီးပေးလိုက်ချင်သည်။ မပြည့်စုံသမျှကို ပြည့်စုံစေချင်လှသည်။

နန်းကိန္နရီမှာ မည်သည့်နည်းနှင့်မဆို သူ၏ ပျောက်ဆုံးခဲ့လေသော သမီးကလေးသာဖြစ်ပါစေတော့ဟု ဗိုလ်မှူးညိုထွန်း အခါခါဆန္ဒပြုသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ဘဝကို အေးငြိမ်းစေချင်သည်မှာ သူ့ဆန္ဒ။ သူ့စေတနာ။

ထို့ကြောင့်လည်း တစ်ခါတစ်ရံ မိမိကိုယ်ကို တန်ခိုးတော်ရှင်တစ်ယောက် ဖြစ်လိုက်စေချင်တယ်။ စေတစ်လုံးပိုင်ရှင်သဖွယ် လိုအပ်သလို ဖန်တီးနိုင်သော အစွမ်းသတ္တိမျိုးကို ရချင်သည်။ ယင်းသို့သာဆိုပါက ဒေါ်ရေနံ့သာခင်ခင်ကြီး အလိုရှိသမျှ တစ်ကြိမ်တည်းနှင့်ပြီးပြည့်စုံစေဟု ဆုတောင်းပေးလိုက်ချင်သည်။

သို့ပေမဲ့ သူကိုယ်တိုင်ကလည်း တန်ခိုးတော်ရှင် ဖြစ်မလာ။ ဆုတောင်းဟူသည်မျိုးကလည်း အခါခပ်သိမ်း ပြီးပြည့်စုံခြင်းမရှိတတ်။

"အစ်ကိုထွန်း"

ဒေါ်ရေနံ့သာခင်ခင်ကြီးခေါ်သည်။

"ဟင်"

"နန်းကိန္နရီနဲ့ပတ်သက်တဲ့ကိစ္စတွေ ပြီးသလောက် ရှိပြီပဲဆိုပါတော့။ လုံးလုံးလျားလျားပြီးရင် ခင်ကြီးမှာ အလုပ်ချင်ဆုံးအလုပ်တစ်ခုရှိတယ် အစ်ကိုထွန်း"

ဗိုလ်မှူးညိုထွန်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာကို ပိုမို၍ စူးစိုက်ကြည့်မိသည်။

"အဲဒါ၊ အစ်ကိုထွန်းကူညီမှဖြစ်မယ်။ ဒီလိုပါ၊ အခုတစ်ပတ် ခင်ကြီး ရေနံချောင်းဘက်ပြန်ရောက်တော့ အရင်မျက်နှာဖြူတွေလက်ထက်က "မျက်နှာဖြူကလွဲပြီး အခြားသူမဝင်ရ" ဆိုတဲ့ ဆိုင်းဘုတ်တပ်ထားတဲ့ ကလပ်တွေရှိတယ်မဟုတ်လား။ အရင်းရှင်မျက်နှာဖြူတွေ အရက်သောက်၊ ရေကူး၊ ဘိလိယက်ထိုး၊ ပွတ်သဘင်ပွဲတွေလုပ်ခဲ့တဲ့ ကလပ်တွေပေါ့။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအားကစားသမားအဖွဲ့ ဒုတိယအသုတ်အား ကြိုဆို

ရန်ကုန် မေ ၁၈

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားသမားအဖွဲ့ ဒုတိယအသုတ်သည် ယမန်နေ့ည ၉ နာရီခွဲတွင် မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည် ရောက်ရှိလာရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။



အဆိုပါ ပြန်လည်ရောက်ရှိလာသည့် မြန်မာ အားကစားအဖွဲ့တွင် အမျိုးသားဘောလုံးအသင်းမှ ၃၅ ဦး၊ ဂေါက်သီးအားကစားသမား ၁၇ ဦး ၊ မြားပစ်အားကစားသမား သုံးဦးနှင့် တိုက်ကွမ်ဒို အားကစားသမား ငါးဦးတို့ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

## (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၈-၅-၂၀၂၂

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဗီယက်နမ် | ၁၂၆ | ၇၆ | ၇၄ | ၂၇၆ |
| ထိုင်း | ၅၃ | ၅၉ | ၈၀ | ၁၉၂ |
| ဖိလစ်ပိုင် | ၃၇ | ၄၉ | ၆၅ | ၁၅၁ |
| စင်ကာပူ | ၃၇ | ၃၉ | ၄၉ | ၁၂၅ |
| အင်ဒိုနီးရှား | ၃၆ | ၄၉ | ၄၉ | ၁၃၄ |
| မလေးရှား | ၂၇ | ၃၂ | ၆၃ | ၁၂၂ |
| မြန်မာ | ၆ | ၈ | ၁၅ | ၂၉ |
| ကမ္ဘောဒီးယား | ၄ | ၆ | ၁၅ | ၂၅ |
| ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| လာအို | ၀ | ၃ | ၁၉ | ၂၂ |
| တီမောလက်စ်တေ | ၀ | ၂ | ၀ | ၂ |

❍ ကျောဖုံးမှ

မနှင်းသက်ဝေက ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ My Dinh National Stadium ၌ ပြေးခုန်ပစ်အားကစားနည်း မီတာ ၁၀၀၀၀ အမျိုးသမီး အပြေးပြိုင်ပွဲတွင် မခင်မာဆယ်က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ Hai Phong မြို့၌ ကနူး/ကယက် လှေလှော်အားကစားနည်းမှ ကယက်လှေလှော် မီတာ ၁၀၀၀ အမျိုးသား လေးတက်လှော်ပွဲစဉ်၌ မြန်မာ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့က ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံက ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ကနူးလှေလှော်မီတာ ၁၀၀၀ အမျိုးသား လေးတက်လှော်ပွဲစဉ်၌ မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံက ကြေးတံဆိပ်ဆုကိုလည်းကောင်း ဆုများအသီးသီး ထပ်မံရရှိခဲ့ကြသည်။

အလားတူ ယနေ့ပြိုင်ပွဲများအဖြစ် Hanoi National Sport Training Center ၌ ကျင်းပလျက်ရှိသည့် မြားပစ်အားကစားနည်း အမျိုးသမီး (Recurve) အသင်းလိုက်ပြိုင်ပွဲ တတိယနေရာလုပွဲ ပွဲစဉ်၌ မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Tay Ho အားကစားရုံ၌ တိုက်ကွမ်ဒိုအားကစားနည်း -63 ကီလိုတန်းပြိုင်ပွဲတွင် မောင်ဇော်လင်းထက်က ကြေးတံဆိပ်ဆုကိုလည်းကောင်း မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ထပ်မံဆွတ်ခူးပေးနိုင်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ယှဉ်ပြိုင်လျက်ရှိသော အားကစားနည်းများမှ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ၊ ဘော်လီဘောအားကစားပြိုင်ပွဲနှင့် ဘောလုံး(အမျိုးသမီး) အားကစားပြိုင်ပွဲများတွင် မြန်မာအသင်းဝင်ရောက်ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်တုရင်၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ကနူး၊ E-sports၊ ပြေးခုန်ပစ်၊ ဘီလီယက်၊ ဖူဆယ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ်၊ လက်ဝှေ့နှင့် ဘောလုံး(အမျိုးသမီး) အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မေ ၁၉ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြေးခုန်ပစ်၊ စစ်တုရင်၊ သေနတ်ပစ်၊ ပိုက်ကျော်ခြင်း၊ ကနူးလှေလှော်၊ E-sports၊ ဖူဆယ်၊ ဘီလီယက်၊ လက်ဝှေ့၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ အလေးမနှင့် ဗိုဗီနမ်အားကစားပြိုင်ပွဲများကို ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ယနေ့အထိ ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်ရှစ်ခုနှင့် ကြေးတံဆိပ် ၁၅ ခုတို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ် ၂၉ ခုဖြင့် နိုင်ငံအလိုက်အဆင့်ရပ်တည်မှု အဆင့်(၇) တွင် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကနူး/ကယက်ပြိုင်ပွဲတွင် မြန်မာလှေလှော်အဖွဲ့ ငွေတစ်ခု၊ ကြေးတစ်ခု ထပ်မံရရှိ

ရန်ကုန် မေ ၁၈

(၃၁)ကြိမ်မြောက် ဆီးဂိမ်း ကနူး/ကယက်လှေပြိုင်ပွဲ ဒုတိယနေ့ကို မေ ၁၈ ရက်တွင် ဆက်လက်ကျင်းပရာ မြန်မာလှေလှော်အဖွဲ့က ငွေတစ်ခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။




အမျိုးသား မီတာ ၁၀၀၀ ကယက် လေးယောက်လှော်ပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိသည့် မြန်မာကစားသမားများကို မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့်အတူ တွေ့ရစဉ်။

မြန်မာလှေလှော် အဖွဲ့သည် အမျိုးသား မီတာ ၁၀၀၀ ကယက် လေးယောက်လှော် ပြိုင်ပွဲတွင် ငွေတံဆိပ်နှင့် အမျိုးသား မီတာ ၁၀၀၀ ကနူး လေးယောက်လှော် ပြိုင်ပွဲတွင် ကြေးတံဆိပ်တို့ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသား မီတာ၁၀၀၀ကယက်လေးယောက်လှော်ပြိုင်ပွဲတွင် အင်ဒိုနီးရှားက ရွှေတံဆိပ်၊ ဗီယက်နမ်က ကြေးတံဆိပ်၊ အမျိုးသားမီတာ ၁၀၀၀ ကနူးလေးယောက်လှော်ပြိုင်ပွဲတွင် ဗီယက်နမ်က ရွှေတံဆိပ်၊ အင်ဒိုနီးရှားက ကြေးတံဆိပ်ရရှိသည်။ ငွေတံဆိပ်ရရှိသည့် မြန်မာလှေအဖွဲ့တွင် ထွန်းမင်းသန့်၊ ထက်ဝေလွင်၊ မြင့်ကိုကို၊ စောမိုးအောင်၊ ကြေးတံဆိပ်ရရှိသည့် မြန်မာလှေအဖွဲ့တွင်ဝင်းထိုက်၊ မင်းနိုင်၊ စိုးမင်းဝေ၊ သန့်ဇင်ဦးတို့ ပါဝင်ကြသည်။

ကနူး/ကယက်လှေပြိုင်ပွဲကို မေ ၁၉ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့အနေဖြင့် ဗိုလ်လုပွဲပွဲစဉ် သုံးပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့သည် ကနူး/ကယက်ပြိုင်ပွဲတွင် ငွေတစ်ခု၊ ကြေးနှစ်ခု ရရှိထားသည်။

**ကိုညီလေး၊ ဓာတ်ပုံ - MRF**

# မြန်မာအမျိုးသားဖူဆယ်အသင်း ဆုတံဆိပ်နှင့်လွဲချော်

ရန်ကုန် မေ ၁၈

ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို မေ ၁၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲထပ်မံကြုံတွေ့ပြီး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

အုပ်စုစတုတ္ထနေ့တွင် ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ တစ်ဂိုးစီသရေကျပြီး အိမ်ရှင်ဗီယက်နမ်အသင်းက မြန်မာအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရမှ ဆုတံဆိပ်ရယူနိုင်ရန် မျှော်လင့်နိုင်မည်ဖြစ်သော်လည်း သုံးပွဲဆက်အရှုံးကြောင့် တစ်ပွဲကစားရန် ကျန်သေးသော်လည်း ဆုတံဆိပ်နှင့်လွဲချော်ရန် သေချာသွားပြီဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးမရှိသရေကကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးများဆက်တိုက်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲအပြီးတွင် အင်ဒိုနီးရှားအသင်းကပွဲကုန်လေးပွဲကစား ရှစ်မှတ်ရရှိထားပြီး ထိုင်းနှင့် ဗီယက်နမ်အသင်းက သုံးပွဲကစား ခုနစ်မှတ်စီရရှိထားကာ မြန်မာနှင့် မလေးရှားအသင်းမှာ သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ အုပ်စုနောက်ဆုံးနေ့ကို မေ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့်မလေးရှား၊ ထိုင်းနှင့်ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

✳ ဆီးဂိမ်းမှ

နောက်ဆုံးကျင်းပသည့် ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်း ကျင်းပခြင်းမရှိဘဲ ယခုအကြိမ်မှ ပြန်လည်ပါဝင်ခြင်းဖြစ်သည်။ မြန်မာဘီလီယက်အဖွဲ့သည် နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်များ ရယူနိုင်ခဲ့ပြီး ယခုပြိုင်ပွဲတွင်လည်း ပေါက်စက တစ်ဦးချင်းပြိုင်ပွဲတွင် ဗိုလ်စွဲထားရာ ရွှေတံဆိပ်ရယူနိုင်ရန် အလားအလာကောင်းလျက်ရှိသည်။

ဘီလီယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်းတို့ကသာ ရွှေတံဆိပ်ဆုများကို အများဆုံးရယူထားပြီး ဘီလီယက် ကစားသမားကောင်းများစွာ ပိုင်ဆိုင်ထားသည့် မြန်မာဘီလီယက်အဖွဲ့မှာ အလားအလာကောင်းများ ပိုင်ဆိုင်နေခြင်းဖြစ်သည်။

မြန်မာဘီလီယက်အဖွဲ့သည် ယခုဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတစ်ခုရရှိထားပြီး ဘီလီယက်နှစ်ယောက်တွဲပြိုင်ပွဲအပြင် Pool 10 Ball အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာတစ်ဦးချင်းပြိုင်ပွဲတို့ ထပ်မံယှဉ်ပြိုင်လျက်ရှိသည်။

**ကိုညီလေး**

❖ မြန်မာအမျိုးသမီးမှ

တက်ရောက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းတွင် ပေးလိုက်ရသည့်တစ်ဂိုးတည်းဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းသည် တတိယနေရာလုပွဲကိုသာ ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။

လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းသည် အိမ်ရှင်ပရိသတ်၏ ကွင်းလုံးပြည့်အားပေးမှုနှင့်အတူ ပွဲစကတည်းက မြန်မာအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ မြန်မာအသင်းကလည်း ခံစစ်ကိုလုံအောင်ကစားကာ တန်ပြန်တိုက်စစ်ဖြင့် ဂိုးရရန် ကြိုးပမ်းခဲ့သည်။ ဗီယက်နမ်အသင်းက ပိုဖိကစားနိုင်သော်လည်း မြန်မာခံစစ်အမှားနည်းသဖြင့် ဂိုးပေါက်ခြိမ်းခြောက်မှုအနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။ သို့သော် ၂၈ မိနစ်တွင် ဗီယက်နမ်အသင်း အနိုင်ဂိုးကို ဟူရင်နျူက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ဗီယက်နမ်နောက်တန်းက ထိန်းကစားသွားသည်။

အခြားဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ်အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်သွားသည်။ မေ ၂၁ ရက်တွင် တတိယနေရာလုပွဲအဖြစ် မြန်မာနှင့်ဖိလစ်ပိုင်၊ ဗိုလ်လုပွဲအဖြစ် ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၈-၄-၂၀၂၂** ရက်နေ့မှ စတင်၍ **၁၉-၆-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များ မှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်လေးမူ
**အသက်(၅၅)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံအမတ်ကြီး ဦးမောင်မောင်လင်း၏ဇနီးဖြစ်သူ ဒေါ်ခင်လေးမူသည် ၁၈-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်လေးမူ
**အသက်(၅၅)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံအမတ်ကြီး ဦးမောင်မောင်လင်း၏ဇနီးဖြစ်သူ ဒေါ်ခင်လေးမူသည် ၁၈-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်မြင့်(ခ) ဦးSonny
**မော်လမြိုင်ကောလိပ်ကျောင်းသားဟောင်း**
**အသက်(၇၇)နှစ်**

မော်လမြိုင်ကောလိပ်ကျောင်းသားဟောင်း ဦးအောင်မြင့်သည် ၁၆-၅-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၅၉-၁၉၆၅ မော်လမြိုင်ကောလိပ် ကျောင်းသားဟောင်းများ**

## ဦးမင်းရွှေ(ခ) တရုတ်ကမ်း (ထားဝယ်)
ဗဟိုအအေးဆိုင်
**အသက်(၄၉)နှစ်**

ထားဝယ်မြို့၊ မြို့တွင်းရပ်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၁၂)နေ ဦးသန်းအောင်(ခ) ချွာကာစွီး-ဒေါ်သန်းရီ(ခ)လျှန်ငွေလင်တို့၏ ချစ်လှစွာသောသား၊ ကိုစိုင်း-မစန်းစန်းဦး၊ မဆွေဆွေရင်၊ မခင်နုနုတို့၏ မောင်၊ မခင်ခင်ထွေး၏ အစ်ကို၊ မောင်မင်းသန့်သူ၊ မောင်ဆက်မင်းသွင်တို့၏ ချစ်လှစွာသောဦးလေးသည် ၁၅-၅-၂၀၂၂ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၄/၂၊ နွယ်သာဂီလမ်း၊ ဘုရင့်နောင်ပွဲရုံတန်းနေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၂၂ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကိုစိုင်း-မစန်းစန်းဦး နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မြို့မကျောင်းသား/ကျောင်းသူဟောင်းအသင်း
### ဦးသန်းအေး
**မြို့မကျောင်းသားဟောင်း**
**အသက် (၇၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေလမ်းနေ ဒေါ်လှဲ့လှဲ့ဝင်း၏ခင်ပွန်းသည် ၁၅-၅-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၂ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ကြောင်း မြို့မ မိသားစုများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၃-လမ်း၊ အမှတ်(၁၃၀)၊ မြေညီထပ်(အလယ်ခန်း) ဟုခေါ်တွင်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်လှလှဝင်း [၁၂/မဂတ(နိုင်)၁၀၃၃၀၂]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဒေါ်ချိုမာသက် [၁၂/မဂတ(နိုင်)၀၆၉၈၃၆]**မှ မြေပိုင်ရှင် အသိအမှတ်ပြု လက်မှတ်ရေးထိုး တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**

**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း(LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP:09-5017044**

## ဒေါ်ခင်လေးမူ
**အသက်(၅၅)နှစ်**

[ဒုတိယဗိုလ်မှူးကြီး လေးကို (တပ်မတော်-ရေ-ငြိမ်း)-ဒေါ်ခင်ဆွေတင့်]တို့၏ သမီး၊ [ဒုတိယအမှုဆောင်ဒါရိုက်တာ ဦးစိန်လင်း (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်ခင်မြတင်]တို့၏ သမီးချွေးမ၊ ဦးကျော်ဇင်လတ်-ဒေါ်ဖြူဖြူစိုး၊ ဒေါက်တာဥက္ကာကျော်-ဒေါ်ရည်မွန်တင့်ကို၊ ဦးညီလွင်တင့်ကို-ဒေါ်ထက်ထက်အေးတို့၏အစ်မ၊ မရွှေအိမ်လင်း၏ချစ်လှစွာသောမိခင်၊ ဗိုလ်မှူးချုပ် မောင်မောင်လင်း (တပ်မတော်-လေ-ငြိမ်း)၊ သံအမတ်ကြီး (နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်လေးမူသည် ၁၈-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၂ (သောကြာနေ့) နံနက် ၁၀ နာရီတွင် နေပြည်တော် စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်လေးမူ
**အသက်(၅၅)နှစ်**

ဗိုလ်မှူးချုပ် မောင်မောင်လင်း (တပ်မတော်-လေ-ငြိမ်း)၊ သံအမတ်ကြီး(နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်လေးမူ အသက်(၅၅)နှစ်သည် ၁၈-၅-၂၀၂၂(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၆) မိသားစုများ**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
### စောခရစ္စတိုဖာ
**B.Sc (Maths)**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၂၂၉/ဂ)၊ ဦးဖိုးထွန်းလမ်း၊ တောင်သူကုန်းနေ (ဦးစံဖေ-နော်ဘေး)တို့၏သား၊ (စောဘိုးမြ - နော်နယ်လီဘွင့်)တို့၏ သားသမက်၊ နော်မိုရင်းမြ၏ခင်ပွန်း၊ စောခဲမြူရယ်မြဖေ၏ ဖခင်သည် ၁၅-၅-၂၀၂၂ ရက် နံနက် ၁၁:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၅-၂၀၂၂ ရက် နံနက် ၉ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၈၃)၊ B.L-2 ပထမထပ် မျက်နှာမူလျက်(ယာ) ဟုခေါ်တွင်သည့် တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါတိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးခင်မောင်ဝင်း [၁၂/ကမရ(နိုင်)၀၁၂၃၈၅]**နှင့် **ဦးကျော်စိုးလွင် [၁၂/ဗတထ(နိုင်)၀၂၆၈၂၆]** ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Swtizerland)**

**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း(LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP:09-5017044**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ ကြက်ပေါင်ချောင်းကျေးရွာအုပ်စု၊ ရွာဟောင်းကျေးရွာနေ ဦးလှရွှေ-ဒေါ်ခင်ဝင်းကြည်တို့၏ စတုတ္ထမြောက်သား ဦးဇော်မျိုးလင်း[၇/ဖမန(နိုင်)၂၀၂၀၃၁]သည် မိဘဆိုဆုံးမှုမကိုနာခံမှုမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များအား တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ဇော်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၇၂၂)**
**မြို့မ(၂)၊ ဇေယျာဝတီမြို့။**
**ဖုန်း-၀၉-၇၆၅၀၄၀၉၆၉**

## ဒေါ်ခိုင်အိမ်း
**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅) ရပ်ကွက်၊ အမှတ်(၆၄)၊ (၄)ထပ်၊ လသာလမ်းနေ (ဦးမျိုးချွန်-ဒေါ်သန်းညွှန့်)တို့၏ သမီးကြီး၊ (ဦးချူကီး)၊ (ဒေါက်တာဦးသိန်းထွန်း)၊ (ဒေါ်မိုးမြင့်)၊ ဒေါ်သီတာဇ (မြန်မာ့ကုန်တိုက်)၊ ဦးထွန်းအောင်ကျော်တို့၏အစ်မကြီး၊ ဒေါ်မာလာ၊ ပါမောက္ခ ဒေါက်တာ ဒေါ်ကေသီ (မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းခွဲစိတ်အထူးကုဆေးရုံကြီး၊ နေပြည်တော်)၊ ဦးကျော်သူ၊ ဒေါ်မဋ္ဌူတို့၏ ကြီးတော်ကြီးသည် ၁၇-၅-၂၀၂၂ ရက် ညနေ ၅:၁၀ နာရီတွင် နေအိမ်၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်မောင်လှ
**B.Arch(1970)**
**ဗိသုကာဌာန, ဆ.လ.ရ(ငြိမ်း) Senior Licensed Architect**
**အဘိဓမ္မဓရ(I.I.A)(U.A)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့နေ (ဦးလှဖေ-ဒေါ်သန်းတင်)တို့၏သားထွေး၊ ပိန်းဇလုပ်မြို့နေ (ဦးထွန်းကြိုင်-ဒေါ်ခင်မြ)တို့၏ သားသမက်၊ [ဒေါ်ချစ်ချစ်ဝင်း(ခ)စူးစူး]၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးမောင်မောင်သွင်)၊ ဒေါ်ဘဒ္ဒဝဇီရာ၊ (ဦးသက်နိုင်)-ဒေါ်တင်မြင့်မြင့်၊ (ဒေါ်ခင်မြအေး)-ဦးဝင်းဆွေ၊ ဒေါ်ခင်မြဆွေ-Dr.မင်းညို၊ ဒေါ်ခင်ကြည်-ဦးမောင်သန်းတို့၏မောင်၊ (ဒေါ်နွဲ့နွဲ့အေး)၊ (ဒေါ်ရီရီမြ)၊ (ဒေါ်ဆွေဆွေလှ)-ဦးတင်မောင်မောင်တို့၏အစ်ကို၊ တူ/တူမ ၁၀ ယောက်တို့၏ ဘကြီး/ဦးလေးသည် (မြန်မာသက္ကရာဇ် ၁၃၈၄-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်) ၁၇-၅-၂၀၂၂ (အင်္ဂါနေ့) နံနက် ၆:၃၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ၁၉-၅-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာဖြင့် အကြောင်းကြားအပ်ပါသည်။ [(၅၉/၆၁-D) "စိန်ရိပ်မွန်" မဟာဝိဇ္ဇာခိုရ် လုံးချင်းအိမ်ရာဝင်း၊ ကမ္ဘာအေးဘုရားလမ်း နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်မောင်လှ
**B.Arch(1970)**
**ဗိသုကာဌာန, ဆ.လ.ရ(ငြိမ်း) Senior Licensed Architect**
**အဘိဓမ္မဓရ(I.I.A)(U.A)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့နေ (ဦးလှဖေ-ဒေါ်သန်းတင်)တို့၏သားထွေး၊ ပိန်းဇလုပ်မြို့နေ (ဦးထွန်းကြိုင်-ဒေါ်ခင်မြ)တို့၏သားသမက်၊ [ဒေါ်ချစ်ချစ်ဝင်း(ခ)စူးစူး]၏ ချစ်လှစွာသော ခင်ပွန်း၊ Capt. စိုးသွင်ထွန်း-ဒေါ်သန္တာမြင့်၊ ဒေါ်ခင်ဆွေဇင်ထွန်း-ဦးတင်ထွန်းလွင်၊ ဒေါ်ခင်အေးမြထွန်း-Mr.David Price၊ Capt. စိုးဇင်ထွန်း-ဒေါ်မို့မို့လှိုင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မဥတ္တရာခင်၊ မချမ်းမြမှူးသွင်၊ မောင်ရဋ္ဌစိုးသွင်တို့၏ ချစ်လှစွာသော အဘိုးသည် (မြန်မာသက္ကရာဇ် ၁၃၈၄-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်) ၁၇-၅-၂၀၂၂ (အင်္ဂါနေ့) နံနက် ၆:၃၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ၁၉-၅-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာဖြင့် အကြောင်းကြားအပ်ပါသည်။ [(၅၉/၆၁-D) "စိန်ရိပ်မွန်" မဟာဝိဇ္ဇာခိုရ် လုံးချင်းအိမ်ရာဝင်း၊ ကမ္ဘာအေးဘုရားလမ်း နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန် အချက်များ**

- အရိပ်ရ၍အေးမြသောနေရာများတွင်သာနေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ၊
- ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန် အချက်များ**

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တို့တပ်မတော်ဟာ အတိတ်ကာလက နိုင်ငံနဲ့လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သလို ယခုပစ္စုပ္ပန်ကာလမှာလည်း နိုင်ငံနဲ့လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိတယ်။ တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှဟာ အမိနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်သွားနိုင်ဖို့ ကိုယ်ကျိုးမငဲ့ မွန်မြတ်တဲ့ စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

**ယနေ့ ဖတ်စရာ**

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ** စာမျက်နှာ » ၁၅



**ရင်းနှီးချစ်ကြည် သွေးချင်းတို့ဌာနီ**
စာမျက်နှာ » ၁၆၊ ၁၇

## (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ်အားကစားနည်းမှ ရွှေတစ်ခု၊ ကြေးတစ်ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ငွေတစ်ခု၊ ကနူး/ကယက်လှေလှော် အားကစားနည်းမှ ငွေတစ်ခု၊ ကြေးတစ်ခု၊ မြားပစ်အားကစားနည်းမှ ကြေးတစ်ခုနှင့် တိုက်ကွမ်ဒိုအားကစားနည်းမှ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိ

ဗီယက်နမ် မေ ၁၈

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟန်္နိုင်းမြို့ရှိ Soc Son အားကစားရုံ၌ ဗိုဗီနမ်အားကစားနည်း အမျိုးသမီးနှစ်ယောက်တွဲ(သရုပ်ပြ) ပွဲစဉ်တွင် မခိုင်ဝါဖူးနှင့် မမေဟန်နီအောင်လွင်တို့က မြန်မာနိုင်ငံအတွက် ဆဋ္ဌမမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့ပြီး အမျိုးသမီး (-55 kg) ကီလိုတန်းတွင် စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ○

ဗိုဗီနမ်အားကစားနည်း အမျိုးသမီးနှစ်ယောက်တွဲ(သရုပ်ပြ)မှ ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည့် မခိုင်ဝါဖူးနှင့် မမေဟန်နီအောင်လွင်တို့ကို တွေ့ရစဉ်။




## ဆီးဂိမ်း ဘီလီယက်နှစ်ယောက်တွဲပြိုင်ပွဲကို မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပမည်

ရန်ကုန် မေ ၁၈

ဆီးဂိမ်း ဘီလီယက်နှစ်ယောက်တွဲပြိုင်ပွဲကို မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**ဆီမီးဖိုင်နယ်ပုံစံဖြင့် ကစားမည်**

ဘီလီယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် လေးသင်းသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပုံစံဖြင့် ကစားစေမည်ဖြစ်ကာ အနိုင်ရသည့်နှစ်သင်းမှာ ဗိုလ်လုပွဲတက်ရောက်ခွင့်ရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအတွဲမှာ အိမ်ရှင်ဗီယက်နမ်အတွဲနှင့် တွေ့ဆုံနေပြီး အခြားပွဲစဉ်တွင် စင်ကာပူအတွဲနှင့် ထိုင်းအတွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအတွဲတွင် ပေါက်စနှင့် မင်းစည်သူထွန်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပေါက်စသည် မေ ၁၇ ရက်က ကျင်းပပြီးစီးခဲ့သည့် ဘီလီယက်တစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူထားသူဖြစ်သည်။ ဘီလီယက်နှစ်ယောက်တွဲပြိုင်ပွဲကို စာမျက်နှာ ၁၉ ကော်လံ ၁ သို့ *

## မြန်မာအမျိုးသမီးအသင်း ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ပြီး ထိုင်းနှင့် ဗီယက်နမ်အသင်း ဗိုလ်လုပွဲ တက်ရောက်


မြန်မာနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားနေစဉ်။

ရန်ကုန် မေ ၁၈

ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ပြီး ထိုင်းနှင့် ဗီယက်နမ်အသင်း ဗိုလ်လုပွဲ တက်ရောက်သွားသည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပေါင်းများစွာ ဝေးကွာနေသည့် ဗိုလ်လုပွဲသို့ တစ်ကျော့ပြန် စာမျက်နှာ ၁၉ ကော်လံ ၃ သို့ ❖